ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏အရသာကို လျင်မြန်စွာ သိသကဲ့သို့၊ အသိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့။ Friday, 10 November 2023 ၁၁၂၇၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့် ရော်ဘာအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး မဟာဗျူဟာအစီအစဉ်များရေးဆွဲပြီး ကာလတို၊ ကာလရှည်စီမံကိန်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်

## MSME နှင့်အကျုံးဝင်သည့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး အားပေးကူညီရမည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်တွင်းမှထုတ်လုပ်ထားရှိသည့် ရော်ဘာထုတ်ကုန်ပြခန်းများကို ကြည့်ရှုစဉ်။

**နေပြည်တော် နိုဝင်ဘာ ၉**

မြန်မာရော်ဘာဖိုရမ်-၂၀၂၃ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ (MICC-II)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ၊ အမျိုးသားပို့ကုန် မဟာဗျူဟာ ရော်ဘာလုပ်ငန်းကဏ္ဍ ပို့ကုန်မဟာဗျူဟာ အကောင်အထည် ဖော်ရေး ကော်မတီဝင်များ၊ ပြည်တွင်း Development Partner များ၊ ပညာရှင် များ၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်း၊ မြန်မာ့သဘာဝ ရော်ဘာ ရေရှည်တည်တံ့မှုဖော်ဆောင်ရေး အသင်း၊ ရော်ဘာအဝယ်ဒိုင်များ၊ ပြုပြင် ထုတ်လုပ်သည့်စက်ရုံများ၊ ရော်ဘာအခြေခံ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

**ယနေ့ ဖတ်စရာ**

အင်ဒိုနီးရှားနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များအား လေ့လာခြင်း
ဆောင်းပါး စာမျက်နှာ » ၆

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာ ကျောင်းသား အားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီအစည်းအဝေး ကျင်းပ
စာမျက်နှာ » ၁၁

ကမ္ဘာကြီးသာယာဝပြောရေးနှင့် တည်ငြိမ်ရေးအတွက် တရုတ်-ရုရှား ပူးပေါင်းဆောင်ရွက်မည်
စာမျက်နှာ » ၁၃

ကြေးမုံ

# နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူကိုကာကွယ်စောင့်ရှောက်

လတ်တလောဖြစ်ပွားလျက်ရှိသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဖြစ်စဉ်များနှင့် ဆက်စပ်လျက်ရှိသည့်အခြေအနေများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၃/၂၀၂၃)တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းပြောကြားခဲ့ပြီး တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကာကွယ်ရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏သမိုင်းကြောင်းတွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများကို တပ်မတော်သည် ထိရောက်စွာ ချေမှုန်းရှင်းလင်းခဲ့ပြီးဖြစ်သည်။ မျက်မှောက်ကာလတွင်လည်း ပြန်လည်ခေါင်းထောင်လာသော ပြည်တွင်းသောင်းကျန်းမှုများကို ဆက်လက်ချေမှုန်းလျက်ရှိသည်။ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသော်လည်း နယ်မြေဒေသများ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ပေးရေးအတွက် အစဉ်အမြဲ စွန့်လွှတ်စွန့်စား ကျေပွန်စွာထမ်းရွက်လျက်ရှိသည်။

တည်ငြိမ်အေးချမ်းပြီး နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို အဓိကအားထားဆောင်ရွက်နေသည့် မူဆယ်၊ ချင်းရွှေဟော်ဒေသနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တို့ကို MNDAA အဖွဲ့သည် ၎င်းတို့၏ သြဇာအာဏာ ပြန်လည်တည်ဆောက်နိုင်ရန်အတွက် ၂၀၂၂ ခုနှစ်မှစတင်၍ ကြိုတင်ပြင်ဆင်ခဲ့ပြီး ယခုအောက်တိုဘာလ ၂၇ ရက်နေ့တွင် ချင်းရွှေဟော်ကို အဓိကထား၍ တိုက်ခိုက်ခဲ့သည်။ တစ်ပြိုင်တည်းတွင် TNLA အဖွဲ့ကလည်း သိန္နီကို ဆက်သွယ်ရေးလမ်း ဖြတ်တောက်နိုင်အောင် တိုက်ခိုက်ခဲ့သည်။ မန္တလေး-လားရှိုး ဆက်သွယ်ရေးလမ်းကို ပြတ်တောက်အောင် ပိတ်ဆို့တိုက်ခိုက်ခဲ့သည်။ အလားတူ KIA ကလည်း ကချင်ပြည်နယ်အတွင်း ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ စခန်းငယ်တစ်ခုကို အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖြစ်စဉ်များ ဖြစ်ပွားနေချိန်တွင် ပွဲလန့်တုန်းဖျာခင်းသည့်သဘောဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ အချို့နေရာများတွင် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများနှင့်အတူ AA နှင့် KIA တို့လည်း ပါဝင်တိုက်ခိုက်လာသည်ကို တွေ့ရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ဆူပူအကြမ်းဖက်မှုများကို ဖြေရှင်းဆောင်ရွက်နေချိန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်နေချိန်တွင် လစ်ဟာနေသောကွက်လပ်များကို အလစ်အငိုက်ယူပြီး MNDAA နှင့်အပေါင်းပါ အကြမ်းဖက်သောင်းကျန်းသူများက ပြည်ထောင်စု၏ နယ်မြေဒေသအချို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြရာ တပ်မတော်က ပြန်လည်တုံ့ပြန် ဆောင်ရွက်နေပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတွင် လက်နက်ကိုင်သောင်းကျန်းသူများ၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များကို တိုင်းရင်းသားပြည်သူများအနေဖြင့် သိရှိနားလည်ထားကြပြီးဖြစ်သည်။ ၎င်းတို့အနေဖြင့် နယ်မြေစိုးမိုးရေး၊ အာဏာထူထောင်နိုင်ရေးအတွက် အခြေအနေပေးလျှင်ပေးသလို အလစ်အငိုက်တိုက်ခိုက်မှုများ ပြုလုပ်ကြသည်ကို တွေ့ရမည်ဖြစ်သည်။ တစ်ဖက်တွင် ၎င်းတို့ရပ်တည်နိုင်ရေးအတွက် လူသတ်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ လူသစ်စုဆောင်းကြပြီး နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးနှင့် လက်နက်ထုတ်လုပ် ရောင်းဝယ်ဖောက်ကားကြသည့်အပြင် လောင်းကစားမှုများနှင့် ဒုစရိုက်မှုအမျိုးမျိုးတို့ကို ပြုလုပ်ကြသည်။ အဆိုပါ မကောင်းမှုနှင့် ဒုစရိုက်မှုများကို တိုင်းရင်းသားပြည်သူများက ကြုံတွေ့ခံစားသိရှိနေကြပြီး လက်မခံဆန့်ကျင်ကွန့်ကွက်နေကြသည်။ တရားသောစစ်ကို ဆင်နွှဲနေသည့် တပ်မတော်သားများကို ပြည်သူများက အားပေးထောက်ခံကူညီနေကြသည်။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ဖြစ်သော်လည်း မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအရ ပြည်တွင်းသောင်းကျန်းမှုအမျိုးမျိုးကို အောင်မြင်စွာနှိမ်နင်းနိုင်ခဲ့သည်။ သောင်းကျန်းသူပြဿနာ၏ အရင်းအမြစ်ဖြစ်သည့် မူးယစ်ဆေးဝါးမှ ရရှိသည့်ဝင်ငွေဖြင့် လက်နက်ကိုင်လမ်းစဉ်ဖြင့် အာဏာတည်ဆောက်ရေးကို ကြိုးစားနေသောကြောင့် မူးယစ်ဆေးဝါးအမြစ်ပြတ်နှိမ်နင်းရေးကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိသည်။ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ယခုထက် စွမ်းရည်တိုးတက်မြင့်မားလာအောင် ဆောင်ရွက်မည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများ စိတ်နှလုံးမချမ်းမြေ့မှုကို ဖြစ်စေသည့် ပြည်ထောင်စု၏ နယ်မြေဒေသများ ထိပါးနှောင့်ယှက်မှုများကို တပ်မတော်သည် ထိရောက်စွာတုံ့ပြန် နှိမ်နင်းလျက်ရှိသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ မထိခိုက်စေရေးအတွက် တပ်မတော်သည် ပြည်သူလူထုနှင့်ပူးပေါင်းလက်တွဲ၍ ဆောင်ရွက်နေသည့် တရားသော တုံ့ပြန်ဆောင်ရွက်မှုများသည် မလွဲမသွေ အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ဒီပါဝလီနေ့အကြို ဆီမီးတိုင်များ ထွန်းညှိပူဇော်

ရန်ကုန် နိုဝင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကကြီးမှူး၍ ဒီပါဝလီနေ့အကြို မီးထွန်းပွဲတော်နှင့် ဂုဏ်ပြုနေ့လယ်စာ တည်ခင်းကျွေးမွေးခြင်း အခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက် ၁၀ နာရီက ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက အမှာစကားပြောကြားပြီး ဗိုလ်တထောင်ခရိုင်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမိုးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ ဗိုလ်တထောင်ခရိုင်အတွင်းရေးမှူး ဦးမျိုးမြင့်က အခမ်းအနားကျင်းပရခြင်းကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ ဒုတိယဥက္ကဋ္ဌဦးဝင်းမြင့်၊ အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းဦး၊ ဗိုလ်တထောင်ခရိုင်ဥက္ကဋ္ဌ ဦးစိုးမိုးတို့က ဒီပါဝလီနေ့အထိမ်းအမှတ် ဆီမီးအလင်းတိုင်များကို ထွန်းညှိပေးခဲ့ကြပြီး တက်ရောက်လာကြသူများအား ဂုဏ်ပြုနေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။ **တင်ဝင်းတင်**




## ကွမ်းခြံကုန်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိပြီး နိုဝင်ဘာ ၉ ရက်က တော်ကူးအနောက်ကျေးရွာတွင် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်လင်းသန်း၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်းနှင့် တာဝန်ရှိသူများက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် မြို့နယ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တော်ကူးအနောက်ကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေကျပ် သန်း ၁၁၀ ဖြင့် ကုန်ထုတ်မြေသားလမ်း (၁/၅)မိုင်၊ အကျယ် ၁၆ ပေ၊ နှစ်ပေဒုနှင့် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၇ သန်းဖြင့် Box Culvert နှစ်စင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် Natural River Sand Co;Ltd က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ကာ ကျေးရွာရှိ တာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံပြီး ကျေးရွာ၏တင်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၉ - ၁၁ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၁,၀၀၀ | ၈,၆၀၀,၀၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၁,၀၀၈ | ၂,၈၈၅,၇၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၁ | ၇,၉၀၀ |
| FPB | ၁,၆၀၀ | ၁,၆၀၀ | ၃,၁၂၁ | ၄,၉၉၃,၆၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၉၆ | ၂၃၅,၂၀၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၂၅၅ | ၅၁၀,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၀ | ၄၉,၀၀၀ |
| MAEX | ၁,၈၀၀ | ၁,၈၀၀ | ၃၉ | ၇၀,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရေး ဆောင်ရွက်ရာတွင် ပြည်တွင်းသုံးစွဲမှု ဖူလုံအောင်ဆောင်ရွက်ရေး၊ ပိုလျှံသည့်ရော်ဘာများကို ပြည်ပသို့ တိုးမြှင့်တင်ပို့ရေးနှင့် သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရေးအတွက် ရော်ဘာအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးဟူ၍ အပိုင်းသုံးပိုင်း ခွဲခြားဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာရော်ဘာဖိုရမ် –၂၀၂၃ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ ရှေ့ဖုံးမှ

ထုတ်ကုန်ပစ္စည်း ထုတ်လုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ရည်ရွယ်ချက်(၃)ရပ်ဖြင့် ကျင်းပ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် "မြန်မာရော်ဘာဖိုရမ် – ၂၀၂၃" ကို ရော်ဘာထုတ်လုပ်မှုနှင့် အရည်အသွေး တိုးတက်မြင့်မားရေး၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ရော်ဘာအခြေခံ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အဖွဲ့အစည်းများ၊ မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ထွက်ပေါ်လာစေရေးဆိုသည့် ရည်ရွယ်ချက်(၃)ရပ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ဆောင်ပုဒ်မှာ **"ရော်ဘာကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး၊ ထုတ်လုပ်မှုနှင့်တန်ဖိုးမြှင့်ထုတ်ကုန် မြှင့်တင်ပေး"**ဟု သတ်မှတ်ထားပါကြောင်း။

မိမိတို့နိုင်ငံတွင် ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ စသည့် သီးနှံအမျိုးပေါင်း ၆၁ မျိုး၊ စုစုပေါင်း သီးနှံစိုက်ဧရိယာဧက ၄၉ ဒသမ ၃၉ သန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိပါကြောင်း၊ စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ရော်ဘာကို တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင် ဧက ၁ ဒသမ ၆၄ သန်း စိုက်ပျိုးထားရှိပြီး အစေးခြစ်ဧက တစ်သန်းနီးပါးမှ ရော်ဘာတန်ချိန် သုံးသိန်းကျော်ထွက်ရှိပါကြောင်း၊ နှစ်စဉ်ထွက်ရှိသည့် ရော်ဘာထဲမှ ပြည်တွင်းသုံးစွဲမှုအနေဖြင့် တန်ချိန်နှစ်သောင်းကျော်ခန့်ရှိပြီး ပြည်ပကို တန်ချိန်သုံးသိန်းခန့် တင်ပို့လျက်ရှိပါကြောင်း၊ ၂၀၂၃–၂၀၂၄ ခုနှစ်တွင် ရော်ဘာတန်ချိန် လေးသိန်းခန့် တင်ပို့နိုင်ရေး လျာထားကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါကြောင်း။

ရော်ဘာတင်ပို့မှုမှ နိုင်ငံခြားငွေရရှိမှုအနေဖြင့် ၂၀၁၈–၂၀၁၉ မှ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တစ်နှစ်လျှင်ပျမ်းမျှ အမေရိကန်ဒေါ်လာ သန်း ၂၅၀ မှ ၄၅၀ ကြားတွင် ရရှိခဲ့သည့်အတွက် ရော်ဘာသီးနှံသည် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် အရေးပါသည့် စက်မှုသီးနှံတစ်ခုဖြစ်သည်ဟု ပြောကြားလိုပါကြောင်း၊ ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန် မဟာဗျူဟာရည်မှန်းချက်၏ ဦးစားပေးပို့ကုန် အမယ်များတွင် ရော်ဘာလုပ်ငန်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ရပ် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရော်ဘာစတင်စိုက်ပျိုး ထုတ်လုပ်သည်မှစ၍ မှိုင်းခံရော်ဘာပြားများ ထုတ်လုပ်ခြင်း၊ ရော်ဘာအခြေခံ စက်မှုလုပ်ငန်းများမှ ကုန်ချောများ ထုတ်လုပ်ခြင်း စသည့် လုပ်ငန်းစဉ်တစ်လျှောက်လုံး စနစ်တကျဖြင့် ဖွံ့ဖြိုးတိုးတက်မှုများရှိရန် လိုအပ်ပါကြောင်း။

**အားပေးကူညီ**

မြန်မာနိုင်ငံအနေဖြင့် ရှည်လျားသည့် ရော်ဘာစိုက်ပျိုးမှု သမိုင်းကြောင်း ရှိခဲ့သော်လည်း လက်ရှိအခြေအနေတွင် ရော်ဘာအထွက်နှုန်းနှင့် အရည်အသွေးသည် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက အောင်မြင်တိုးတက်မှုအပိုင်းတွင် အားနည်းနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ အခြားသောနိုင်ငံများနည်းတူ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့် ရော်ဘာအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို မဟာဗျူဟာ အစီအစဉ်များရေးဆွဲပြီး ကာလတို၊ ကာလရှည် စီမံကိန်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ MSME နှင့် အကျုံးဝင်သည့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး အားပေးကူညီရမည်ဖြစ်ကြောင်း၊ ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် ရော်ဘာစိုက်ပျိုးရေးသည် အဓိကကျကြောင်း၊ ရော်ဘာစတင်စိုက်ပျိုးသည်မှ အစေးထွက်ရှိသည့်အချိန်အထိ အချိန်ကာလအားဖြင့် ခုနစ်နှစ်ခန့် အချိန်ယူရကြောင်း၊ ကြိုတင်ပြင်ဆင်မှုကောင်းမှသာ ရော်ဘာကဏ္ဍ တိုးတက်စေမည်ဖြစ်ကြောင်း၊ မြန်မာစကားပုံကဲ့သို့ **"အစကောင်းမှ အနှောင်းသေချာ"**မည်ဖြစ်ကြောင်းကိုလည်း သတိပြုစေလိုကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိရော်ဘာထွက်နှုန်းသည် တစ်ဧကပျမ်းမျှပေါင် ၇၀၀ ခန့်သာ ထွက်သည်ဟု သိရှိရပါကြောင်း၊ အထွက်နှုန်းလျော့နည်းခြင်းသည် ယခင်စိုက်ပျိုးထားသည့် အထွက်နှုန်းနည်းသည့် မျိုးဟောင်းများကြောင့်ဖြစ်သည့်အတွက် ပင်အိုပင်ဟောင်းများကို အစားထိုးစိုက်ပျိုးရန် လိုအပ်သည်ကို တွေ့ရပါကြောင်း၊ ဒေသအလိုက်ထောက်ခံထားသည့် မျိုးများအနက် တစ်ဧကလျှင် ပေါင် ၁၃၅၀ ခန့် ထွက်ရှိနိုင်သည့် မျိုးကောင်းမျိုးသန့် စိုက်ပျိုးပြီးစီးမှုသည် စိုက်ဧကအားလုံး၏ ၂၆ ဒသမ ၈၃ ရာခိုင်နှုန်းခန့်သာ ရှိသေးသည့်အတွက် နောင်စိုက်ခင်းသစ်များ ဆက်လက်ထူထောင်ရာတွင် အထွက်ကောင်းမျိုးများ စိုက်ပျိုးနိုင်ရေးနှင့် ဖူးဆက်ပျိုးပင်များ သုံးစွဲစိုက်ပျိုးရေးကို အလေးပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊

စာမျက်နှာ ၄ သို့ »»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိုက်ပျိုးရေးဦးစီးဌာန မြန်မာ့ရော်ဘာစိုက်ပျိုးမှုဆိုင်ရာပြခန်းကို ကြည့်ရှုစဉ်။

- ရော်ဘာတင်ပို့မှုမှ နိုင်ငံခြားငွေရရှိမှုအနေဖြင့် ၂၀၁၈-၂၀၁၉ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တစ်နှစ်လျှင်ပျမ်းမျှ အမေရိကန်ဒေါ်လာ သန်း ၂၅၀ မှ ၄၅၀ ကြားတွင် ရရှိခဲ့သည့်အတွက် ရော်ဘာသီးနှံသည် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် အရေးပါသည့် စက်မှုသီးနှံတစ်ခုဖြစ်
- ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာရည်မှန်းချက်၏ ဦးစားပေးပို့ကုန် အမယ်များတွင် ရော်ဘာလုပ်ငန်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ရပ်ဖြစ်
- ရော်ဘာစတင်စိုက်ပျိုးထုတ်လုပ်သည့်မှစ၍ မှိုင်းခံရော်ဘာပြားများ ထုတ်လုပ်ခြင်း၊ ရော်ဘာအခြေခံစက်မှုလုပ်ငန်းများမှ ကုန်ချောများထုတ်လုပ်ခြင်း စသည့် လုပ်ငန်းစဉ်တစ်လျှောက်လုံး စနစ်တကျဖြင့် ဖွံ့ဖြိုးတိုးတက်မှုများရှိရန်လိုအပ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရော်ဘာစိုက် တောင်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

»»» **စာမျက်နှာ ၃ မှ**

စီးပွားရေးအရ တွက်ခြေကိုက်မှုအပေါ် ချိန်ဆပြီး ရော်ဘာမျိုးကောင်းများ ပြောင်းလဲစိုက်ပျိုးရေး၊ တိုးချဲ့စိုက်ပျိုးရေးကို အလေးထား ဆောင်ရွက်ရန်သင့်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးရေးအတွက် သင့်တော်သည့် ရာသီဥတုနှင့် မြေနေရာများစွာရှိသည့်အတွက် ရော်ဘာ တိုးချဲ့စိုက်ပျိုးရေးကိုလည်း အားပေးကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်မှလည်း မိမိတို့ ရေမြေသဘာဝနှင့် ကိုက်ညီပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိသည့် ရော်ဘာအထွက်ကောင်းမျိုးများ မွေးမြူထုတ်လုပ်နိုင်ရန် လိုအပ်သည့်သုတေသနများကို နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနက စဉ်ဆက်မပြတ် သုတေသနပြု ဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**မှန်ကန်သည့်နည်းစနစ်ကျင့်သုံး**

ရော်ဘာတစ်ဧက အထွက်နှုန်း တိုးတက်ရုံတင်မက အရည်အသွေး ကောင်းမွန်စေရေးအတွက်လည်း ရော်ဘာအစေးခဲ လုပ်ငန်းစဉ်၌ မှန်ကန်သည့် နည်းစနစ်ကျင့်သုံးရေး၊ မှန်ကန်သည့် ဓာတုပစ္စည်းများသုံးစွဲရေး ပညာပေးခြင်း၊ အရည်အသွေး အာမခံချက်ရှိသည့် ရော်ဘာများ ထုတ်လုပ်နိုင်ရေး ရော်ဘာတောင်သူ အစုအဖွဲ့များ စုဖွဲ့လုပ်ဆောင်ခြင်းစသည့် လုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ မြန်မာ့ရော်ဘာ၏ အရည်အသွေးနှင့် အဆင့်အတန်း အာမခံချက်ရှိမှသာလျှင် ဈေးကွက်ရရှိနိုင်မည် ဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ရော်ဘာစိုက်တောင်သူများအားလုံး ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**အပိုင်းသုံးပိုင်းခွဲခြားဆောင်ရွက်**

ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ရေး ဆောင်ရွက်ရာတွင် ပြည်တွင်း သုံးစွဲမှုဖူလုံအောင် ဆောင်ရွက်ရေး၊ ပိုလျှံသည့် ရော်ဘာများကို ပြည်ပသို့ တိုးမြှင့်တင်ပို့ရေးနှင့် သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ရေးအတွက် ရော်ဘာအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးဟူ၍ အပိုင်းသုံးပိုင်းခွဲခြား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရော်ဘာအခြေခံ ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း၌ထုတ်လုပ်ရန် အခြေခံကောင်းများ ရှိသော်လည်း ထုတ်လုပ်မှုကဏ္ဍကို အားပေးမှု မရှိခဲ့ခြင်း၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမရှိခြင်း စသည်တို့ကြောင့် ပြည်ပမှ ရော်ဘာအခြေခံ ထုတ်ကုန်ပစ္စည်းများ တင်သွင်းနေရခြင်းရှိနေပါကြောင်း၊ ဥပမာအားဖြင့် စက်ဘီးနှင့် မော်တော်ဆိုင်ကယ် တာယာများ၊ ကျွတ်များကို နှစ်စဉ်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၅ သန်းဖိုးခန့် တင်သွင်းနေရပါကြောင်း၊ ပြည်တွင်း၌ ရော်ဘာအခြေခံစက်မှုလုပ်ငန်းများ တိုးတက်အောင် ပံ့ပိုးဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းရော်ဘာ ဈေးကွက်ရရှိခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည့်အတွက် စက်ဘီးနှင့်မော်တော်ဆိုင်ကယ် တာယာများ၊ ကျွတ်များကို ပြည်တွင်း၌ မဖြစ်မနေ ထုတ်လုပ်ရန် အလေးအနက်ထား တိုက်တွန်းရခြင်း ဖြစ်ပါကြောင်း။

ယခုကျင်းပသည့် ရော်ဘာဖိုရမ်သည် ၂၀၁၈ ခုနှစ်က ကျင်းပခဲ့သည့် ရော်ဘာဖိုရမ်မှ ရရှိခဲ့သည့် ဆွေးနွေးမှုရလဒ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုနှင့် တိုးတက်မှု အခြေအနေများကို ဆွေးနွေးကြမည်ဟု သိရပါကြောင်း၊ ထို့ပြင် ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ဘာသာရပ်ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအနေဖြင့် မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သည့်အကြံဉာဏ်များ၊ ဖြည့်ဆည်းပေးရမည့် ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ဆွေးနွေးမှုရလဒ်များထဲမှ နိုင်ငံတော်က ဖြည့်ဆည်းပေးရမည့်မူဝါဒ၊လမ်းညွှန်ချက်များ၊ ဝန်ကြီးဌာနက ဆောင်ရွက်ပေးရမည့် လိုအပ်ချက်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက တာဝန်ယူရမည့်ကဏ္ဍများ၊ ရော်ဘာစိုက် တောင်သူများက ပူးပေါင်းပါဝင် ဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး တာဝန်ခွဲဝေကာ ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

**ပူးပေါင်းအကောင်အထည်ဖော်**

ယနေ့ကျင်းပသည့် **"မြန်မာရော်ဘာဖိုရမ် (၂၀၂၃)"** အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်အတူ ပူးပေါင်း ကူညီဆောင်ရွက်ပေးသည့် မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခု ရော်ဘာဖိုရမ်၌ပင် ဆွေးနွေးရုံနှင့် မပြီးဘဲ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ရော်ဘာလုပ်ငန်းရှင်များ၊ ရော်ဘာစိုက် တောင်သူများစသည့် သက်ဆိုင်သူများအားလုံး အတူတကွပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က **"မြန်မာရော်ဘာဖိုရမ် (၂၀၂၃)"** ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ့ရော်ဘာ စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ Video Clip ကို ပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံ ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရော်ဘာစိုက် တောင်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။


ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စိုက်ပျိုးရေးဦးစီးဌာန မြန်မာ့ရော်ဘာ စိုက်ပျိုးမှုဆိုင်ရာ ပြခန်းများ၊ရော်ဘာစိုက်ပျိုးရေးခြံသုံး စက်ပစ္စည်းပြခန်းများ၊ ပြည်တွင်းမှ ထုတ်လုပ်ထားရှိသည့် ကားတာယာများ၊ စက်ဘီးနှင့် မော်တော်ဆိုင်ကယ်တာယာများ၊ ကျွတ်များနှင့် ရော်ဘာထုတ်ကုန် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည် ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ **မိမိတို့နိုင်ငံအနေဖြင့် ရော်ဘာအခြေခံ ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း၌ထုတ်လုပ်ရန် အခြေခံကောင်းများရှိသော်လည်း ထုတ်လုပ်မှုကဏ္ဍကို အားပေးမှုမရှိခဲ့ခြင်း၊ ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းမရှိခြင်း စသည်တို့ကြောင့် ပြည်ပမှ ရော်ဘာအခြေခံထုတ်ကုန်ပစ္စည်းများ တင်သွင်းနေရခြင်းရှိနေ**

☆ **ဥပမာအားဖြင့် စက်ဘီးနှင့် မော်တော်ဆိုင်ကယ် တာယာများ၊ ကျွတ်များကို နှစ်စဉ်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၅ သန်းဖိုးခန့် တင်သွင်းနေရ**

☆ **ပြည်တွင်း၌ ရော်ဘာအခြေခံ စက်မှုလုပ်ငန်းများ တိုးတက်အောင် ပံ့ပိုးဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းရော်ဘာ ဈေးကွက်ရရှိခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ နိုင်ငံခြားငွေ သုံးစွဲမှုလျှော့ချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည့်အတွက် စက်ဘီးနှင့် မော်တော်ဆိုင်ကယ် တာယာများ၊ ကျွတ်များကို ပြည်တွင်း၌ မဖြစ်မနေ ထုတ်လုပ်ရန် အလေးအနက်ထား တိုက်တွန်းရခြင်းဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ အမှုဆောင်အရာရှိချုပ် Mr. Alexander Sergeevich SHATIROV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးတို့တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ အမှုဆောင်အရာရှိချုပ် Mr. Alexander Sergeevich SHATIROV နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ရုရှား-မြန်မာနှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာမှုအခြေအနေများ၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံမှ တွင်းထွက်သတ္တုများထုတ်လုပ်ရေးနှင့် တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကိစ္စရပ်များ၊ စွမ်းအင်ထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝသယံဇာတများ ထိန်းသိမ်းနိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဓာတ်မြေဩဇာများ ထုတ်လုပ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ်ထုတ်လုပ်၍ ရုရှားနိုင်ငံသို့ တင်ပို့နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ အမှုဆောင်အရာရှိချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ အမှုဆောင်အရာရှိချုပ် Mr. Alexander Sergeevich SHATIROV အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ အမှုဆောင်အရာရှိချုပ် Mr. Alexander Sergeevich SHATIROV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# အင်ဒိုနီးရှားနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များအား လေ့လာခြင်း

ခန့်ဇော် (ကျေးလက်)

**အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် အကြီးဆုံးကျွန်းစုနိုင်ငံဖြစ်ပြီး စတုရန်းမိုင်ပေါင်း ၇၃၅၃၅၈ မိုင် (စတုရန်းကီလိုမီတာ ၁၉၀၄၅၆၉) ရှိသောကြောင့် ကုန်းမြေဧရိယာအားဖြင့် ကမ္ဘာပေါ်တွင် ၁၄ ခုမြောက် အကြီးဆုံးနိုင်ငံဖြစ်သည်။ လူဦးရေ ၂၆၁ သန်းခန့် နေထိုင်ကြခြင်းကြောင့် ကမ္ဘာပေါ်တွင် စတုတ္ထမြောက် လူဦးရေအများဆုံးနိုင်ငံလည်းဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများမှာ တရုတ်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ဖြစ်ကြသည်။**

လွန်ခဲ့သည့် ဆယ်စုနှစ်သုံးခုအတွင်း အင်ဒိုနီးရှားနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုသည် စိုက်ပျိုးရေးကဏ္ဍအပေါ် အဓိကမှီခိုအားထားခဲ့သည်ကို တွေ့ရှိရပြီး လယ်ယာကဏ္ဍသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်ပါ အလွန်အရေးပါလျက်ရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကဏ္ဍတွင် စိုက်ပျိုးရေးကဏ္ဍသည် အဓိကဦးစားပေး ဆောင်ရွက်ရမည့်ကဏ္ဍတစ်ခုဖြစ်လာခဲ့ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ပေးရာတွင် မဟာဗျူဟာကျသော အခန်းကဏ္ဍမှ ပါဝင်လာသည်။

၂၀၁၈ ခုနှစ် ဇဟိုစာရင်းအင်းစစ်တမ်းအရ နိုင်ငံလူဦးရေ၏ ၃၀ ဒသမ ၄၆ ရာခိုင်နှုန်းသည် စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးဖမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်သည့်အတွက် သစ်တော၊ စိုက်ခင်းများ၊ ငါးဖမ်းလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများကို ပေါင်းစပ်ကာ စိုက်ပျိုးရေးမူဝါဒကို ပြုပြင်ပြောင်းလဲခဲ့ပြီး လယ်ယာကဏ္ဍမှတစ်ဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့သည်။ ကျေးရွာရန်ပုံငွေအစီအစဉ်ကို Ponggok Village, Klaten, Central Java တွင် ၂၀၁၅ ခုနှစ်က အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ချမ်းသာသော ကျေးရွာအဖြစ် အောင်မြင်စွာပြောင်းလဲပေးနိုင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် စစ်တမ်းအရ အင်ဒိုနီးရှားနိုင်ငံတွင် ကျေးရွာပေါင်း ၈၃၉၃၁ ရွာ ရှိပြီး ၂၅ ရာခိုင်နှုန်းခန့်မှာ မဖွံ့ဖြိုးသေးသော ကျေးရွာများဖြစ်သည်။ ဝေးလံခေါင်ပါးသော ဒေသများတွင် လူဦးရေ ၂၁ ရာခိုင်နှုန်းခန့်သာ နေထိုင်ကြသည်။ ၂၀၁၉ ခုနှစ် မတ်လစာရင်းအရ ပျမ်းမျှဆင်းရဲနွမ်းပါးမှုမျဉ်းကို ဆင်းရဲနွမ်းပါးအိမ်ထောင်စုတစ်စု၏ တစ်လဝင်ငွေ IDR 1990170 (USD 140) သတ်မှတ်ထားသည်ကို တွေ့ရှိရပြီး အာရှဖွံ့ဖြိုးရေးဘဏ် (Asia Development Bank–ADB)၏ ၂၀၂၃ ခုနှစ် ဧပြီလစာရင်းအရ ၂၀၂၂ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုနှုန်း ၉ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရှိရသည်။

**အင်ဒိုနီးရှားနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုအခြေအနေ**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနတို့ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် လယ်ယာစိုက်ပျိုးရေးသည် အင်ဒိုနီးရှားနိုင်ငံ၏ အရေးအပါဆုံး ကဏ္ဍနှစ်ခုဖြစ်သည့်အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ကုန်ထုတ်စွမ်းအား၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပို့ကုန်တိုးမြှင့်ရေးတို့ကို ဦးတည်နေဆဲဖြစ်ကြောင်း တွေ့ရသည်။

**စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ**

နိုင်ငံတော်အဆင့် စိုက်ပျိုးရေးမူဝါဒအနေဖြင့် ဗဟိုအစိုးရ၏ အစပျိုးမှုအဖြစ် အမျိုးသားရေးဆိုင်ရာ ဖွံ့ဖြိုးရေးအစီအစဉ် ပြဋ္ဌာန်းချက်များ ချမှတ်ဆောင်ရွက်ခဲ့ပြီး ဒေသတစ်ခုစီ၏ ဒေသဆိုင်ရာ အစိုးရများကလည်း ဆောင်ရွက်ချက်များနှင့် စည်းမျဉ်းများကို ထိန်းညှိပိုင်ခွင့်ရှိသည်ကို တွေ့ရသည်။

**ကျေးလက်ဒေသစိုက်ပျိုးစီးပွားဖွံ့ဖြိုးရေး(Rural Agribusiness Development–PUAP)**အစီအစဉ်သည် လုပ်ကွက်ငယ်တောင်သူများအတွက် အရင်းအနှီးထောက်ပံ့ပေးသည့် အစီအစဉ်တစ်ခုဖြစ်ပြီး ရရှိလာသော ရန်ပုံငွေများကို လယ်ယာထွက်ကုန်လုပ်ငန်းများ ရောင်းဝယ်ဖောက်ကားရေးနှင့် အခြားစိုက်ပျိုးရေးအခြေခံ စီးပွားရေးလုပ်ငန်းများအတွက် အချိုးကျခွဲဝေပေးခြင်းဖြစ်သည်။ ယင်းမှတစ်ဆင့် သမဝါယမအသင်းအဖြစ်သို့ အသွင်ကူးပြောင်းဖွဲ့စည်းကာ ဒေသဆိုင်ရာအစိုးရများက ယင်းအစီအစဉ်ကို ယနေ့အချိန်အထိ ဆောင်ရွက်နေဆဲဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုး/နွေစပါး၊ ပဲနှင့် ဆီထွက်သီးနှံများအတွက် လိုအပ်သော သွင်းအားစုများကို သက်သာသောအတိုးနှုန်းဖြင့် ထောက်ပံ့လျက်ရှိပါသည်။




အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးအလားအလာနှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ်က ယမန်နှစ်ဒီဇင်ဘာလတွင် ထုတ်ဝေခဲ့သည့်အစီရင်ခံစာ။

**သီးနှံအာမခံစနစ်**

သီးနှံအာမခံလုပ်ငန်းတွင် သဘာဝဘေးအန္တရာယ်များ၊ အပင်ပိုးကျခြင်းများ၊ တိရစ္ဆာန်ကူးစက်ရောဂါဖြစ်ပွားမှု၊ ရာသီဥတုပြောင်းလဲမှုများကြောင့် ထိခိုက်မှုများနှင့် စည်းမျဉ်းအရ သတ်မှတ်ထားသော အခြားဘေးအန္တရာယ်အမျိုးအစားများ အကျုံးဝင်ပါသည်။ အာမခံပရီမီယံကြေးနှင့် အာမခံလျော်ကြေးသည် ဆန်စပါးထုတ်လုပ်မှုကုန်ကျစရိတ်အပေါ်တွင် မူတည်သတ်မှတ်ပြီး အာမခံပရီမီယံကြေးကို အစိုးရနှင့် လယ်သမားများက မျှဝေကျခံကြခြင်းဖြစ်သည်။ ဥပမာ တစ်ဟက်တာလျှင် ဆန်စပါးထုတ်လုပ်မှုကုန်ကျစရိတ် ရူပီးယား (Rp) ခြောက်သန်း (အမေရိကန်ဒေါ်လာ ၆၀၀) ခန့်ရှိပါက ပရီမီယံကြေးအဖြစ် ရူပီးယား (Rp) ၁၈၀၀၀၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၁၈ ဒေါ်လာ ပေးဆောင်ရပြီး ရှေ့ပြေးစီမံကိန်းတွင် လယ်သမားများက ပရီမီယံကြေး ၂၀ ရာခိုင်နှုန်းကိုသာ ထည့်ဝင်ရပြီး ကျန်ပရီမီယံကြေး ၈၀ ရာခိုင်နှုန်းကို အစိုးရက ထည့်ဝင်ပေးသည်ကို တွေ့ရသည်။ အာမခံထားရှိသည့် သီးနှံများ ပျက်စီးခြင်းဖြစ်ပေါ်ပါက နောက်စိုက်ပျိုးရာသီတွင် စပါးပြန်လည်စိုက်ပျိုးနိုင်စေရန် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်ကို လျော်ကြေးအဖြစ် ပြန်လည်ရရှိမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း သီးနှံအာမခံစနစ် Pilot ဆောင်ရွက်ရန်စီစဉ်လျက်ရှိကြောင်း သိရှိရပြီး မဖြစ်မနေ ဆောင်ရွက်သင့်သည့်လုပ်ငန်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ပြည်သူ့ချမ်းသာကြွယ်ဝမှု၊ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ စစ်တမ်းအစီအစဉ်(People's Prosperity Poverty Surgery Program – BEKERJA Program)**ကို ဆောင်ရွက်ခဲ့ပြီး ယင်းမှာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးစားပေးကဏ္ဍများနှင့် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူဖြစ်စေကြောင်း တွေ့ရှိရသည်။

စိုက်ပျိုးရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (Agricultural Human Resources and Development Agency – BPPSDMP)မှတစ်ဆင့် ခေတ်မီလယ်ယာသုံးကိရိယာများကို တောင်သူများအား ထောက်ပံ့ပေးပြီး ကောက်ရိတ်စက်များ၊ လေးဘီးတပ်ထွန်စက်များ၊ မြေတူးစက်များကဲ့သို့သော ခေတ်မီစိုက်ပျိုးရေးကိရိယာများကို အသုံးပြုနိုင်ရန် လယ်သမားများအား နည်းပညာပေးသင်တန်းများ ပို့ချပေးသည်။

၂၀၁၇ ခုနှစ်မှစတင်၍ ဗဟိုအစိုးရသည် စိုက်ပျိုးရေးဝန်ကြီးဌာနနှင့်အတူ ဝေးလံခေါင်ပါးသောဒေသများတွင် **Cash–For–Labor Village (Padat Karya Tunai Desa: PKTD Program)** ကို စတင်ဆောင်ရွက်ခဲ့ပြီး ကျေးလက်နေပြည်သူများ အထူးသဖြင့် ဆင်းရဲနွမ်းပါးပြီး မသန်စွမ်းသူများအား ဦးစားပေး၍ အပိုလုပ်ခ သို့မဟုတ် ဝင်ငွေတိုးပွားစေရန် ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် တောင်သူလယ်သမားများ လယ်ယာလုပ်ကိုင်လိုစိတ် လျော့ပါးလာမှုကို ကာကွယ်ရန်အတွက် **စိုက်ပျိုးရေးဆိုင်ရာ လူငယ်စွန့်ဦးတီထွင်သူများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Agricultural Young Entrepreneur Growth Program–PWMP)** ကို ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးတွင် မျိုးဆက်သစ်လူငယ်များ စိတ်ပါဝင်စားမှု ရှိလာစေရန်၊ ကျွမ်းကျင်မှုနှင့် စွန့်ဦးတီထွင်မှုစိတ်ဓာတ်များ တိုးပွားစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

**ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေအစီအစဉ်**ကိုလည်း ဆောင်ရွက်ခဲ့ပြီး ရန်ပုံငွေများကို သက်ဆိုင်ရာကျေးရွာများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြုလုပ်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ တိုက်ရိုက်ပေးအပ်သည့်နည်းလမ်းဖြင့် ဆောင်ရွက်သည်။ ကျေးရွာတစ်ရွာချင်းစီ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များ ကွဲပြားမှုရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဗဟိုအစိုးရ၏ လမ်းညွှန်မှုအတိုင်းသာ ဆောင်ရွက်ကြရပြီး ရန်ပုံငွေလျာထားရာတွင် ဗဟိုအစိုးရမှ ၁၀ ရာခိုင်နှုန်းနှင့် ဒေသဆိုင်ရာအစိုးရမှ ၉၀ ရာခိုင်နှုန်း လျာထားဆောင်ရွက်ကြောင်း သိရသည်။ ကျေးရွာစိုက်ပျိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်မည်ဆိုပါကလည်း ဒေသဆိုင်ရာအစိုးရသည် စိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ဖွံ့ဖြိုးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးရပါသည်။ Ponggok ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို လေ့လာရာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကဖြစ်သော အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ စိုက်ပျိုးရေး၊ ကျေးရွာတည်ရှိမှုအနေအထားများအရ ဂေဟဗေဒဆိုင်ရာအပန်းဖြေအဆောက်အအုံများနှင့် ဂေဟ/ စိုက်ပျိုးရေး ခရီးသွားလုပ်ငန်းများ ဆောက်ရွက်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင်လည်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(Village Development Project–VDP)ကို ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အထိ ကျေးရွာပေါင်း ၁၇၄၇၆ ရွာ၊ ဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၁၉၃၀၆ ခု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တွေ့ရပါသည်။

**စိန်ခေါ်မှုများ**

အင်ဒိုနီးရှားနိုင်ငံ၌ စိုက်ပျိုးရေးကဏ္ဍကို ဦးစားပေးသည့် ကျေးလက်လူထုပုံစံ/ အလေ့အထ မရှိခြင်းသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်များဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ အတားအဆီးနှင့် စိန်ခေါ်မှုများ ကြုံတွေ့ရသည်ကို သတိပြုမိရသည်–

- ဈေးကွက်ဝယ်လိုအားနှင့် လိုက်လျောညီထွေရှိသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်မှုနည်းပါးခြင်း၊
- စိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ပါဝင်စားမှုနည်းခြင်း၊
- မြေမျက်နှာသွင်ပြင်အနေအထားအရ ကျေးလက်ဒေသအများစုတွင် အခြေခံအဆောက်အအုံ အနည်းငယ်မျှသာ ဆောက်လုပ်နိုင်ခြင်း၊ လမ်းဖောက်လုပ်မှု နည်းပါးခြင်းကြောင့် သွားလာရေးခက်ခဲခြင်း၊
- သဘာဝဘေးအန္တရာယ်များနှင့် လူမှုရေးပဋိပက္ခများ ဖြစ်ပွားနိုင်ခြေရှိခြင်း၊
- ကျေးလက်ဒေသများတွင် လျှပ်စစ်မီး၊ ဆက်သွယ်ရေးနှင့် အင်တာနက်ရရှိမှုနည်းပါးသဖြင့် ဝေးလံခေါင်ပါးသော ကျေးရွာများသည် ပြင်ပအသိုင်းအဝိုင်းများနှင့် ဆက်သွယ်မှု မရှိသလောက် နည်းပါးသည့်အတွက် ၎င်းတို့အား အစိုးရမှ ကူညီထောက်ပံ့ပေးရန် ခက်ခဲခြင်း၊
- ဒေသဆိုင်ရာ ခေါင်းဆောင်မှုနှင့် အခွင့်အာဏာအရ ကျေးလက်နေလူထုသည် ဗဟိုအစိုးရ၏ စည်းမျဉ်းအသစ်များကို လိုက်နာမှုနည်းပါးကြပြီး ၎င်းတို့ကိုယ်တိုင် သတ်မှတ်ထားသော စံသတ်မှတ်ချက်များကိုသာ လိုက်နာကြသည့်အတွက် ဗဟိုအစိုးရ၏ယုံကြည်မှုမရရှိခြင်း၊
- စိုက်ပျိုးမြေဧရိယာ နည်းပါးလာခြင်းကြောင့် စိုက်ပျိုးထုတ်လုပ်မှုကို ကျဆင်းစေခြင်း။

**စာမျက်နှာ ၇ သို့** ☆

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ UNHCR ၏ လက်ထောက်မဟာမင်းကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၉

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (United Nations High Commissioner for Refugees – UNHCR) ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လက်ထောက်မဟာမင်းကြီး Mr. Raouf Mazou ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ နေရပ်စွန့်ခွာသူများအား မြန်မာနိုင်ငံမှ ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းစဉ်နှင့် UNHCRနှင့် လက်ရှိပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ဗန်ကောက်မြို့ အခြေစိုက် UNHCR ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ နယူးယောက်မြို့အခြေစိုက် UNHCR ဆက်ဆံရေးရုံး၏ ညွှန်ကြားရေးမှူး၊ ဗန်ကောက်မြို့အခြေစိုက် UNHCR ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး၏ အကြီးတန်းနိုင်ငံရေးအရာရှိ၊ ရန်ကုန်မြို့အခြေစိုက် UNHCR ရုံး၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်နှင့် ပြင်ပဆက်ဆံရေးအရာရှိတို့နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အေရိုးဗစ်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၉

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် **“၂၀၂၃ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အေရိုးဗစ်ပြိုင်ပွဲ”**ကို နိုဝင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသမီးအသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို **(အခမဲ့)** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## စာအုပ်စာပေ လူ့မိတ်ဆွေ

☆ စာမျက်နှာ ၆ မှ

**ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအပေါ် ကျေးလက်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များ၏ အကျိုးသက်ရောက်မှု**

ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်များ ဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနိုင်မှု နည်းပါးခြင်းသည် စိန်ခေါ်မှုတစ်ခုအဖြစ် ပါဝင်နေကြောင်း လေ့လာတွေ့ရှိရသည်။ ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်ဆက်နွှယ်လျက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးသည် အဓိကကျသောအချက် ဖြစ်ပါသည်။ သို့ရာတွင် ကျေးလက်အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမြန်အကဲဖြတ် လေ့လာမှုတစ်ခုဖြစ်သည့် LP3ES (၂၀၀၇) အရ ကျေးလက်အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေးအစီအစဉ်သည် ပြည်သူများအား အလုပ်အကိုင် ဖန်တီးပေးနိုင်သည်မှန်သော်လည်း ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအပေါ် သိသိသာသာ သက်ရောက်မှုရှိသည်ဟု မဆိုနိုင်သေးကြောင်း လေ့လာတွေ့ရှိရသည်။

ယင်းလေ့လာမှုတွင် ၂၀၀၆ ခုနှစ်က ကမ္ဘာ့ဘဏ်၊ Sigma Sarana နှင့် Institute for Economic and Social Research (LPEM FEUI) တို့ ပူးပေါင်း၍ အင်ဒိုနီးရှားနိုင်ငံအတွင်း ခရိုင်ခြောက်ခုတွင် စစ်တမ်းကောက်ယူထားသော အင်ဒိုနီးရှားကျေးလက်ရင်းနှီးမြှုပ်နှံမှု ရာသီဥတုစစ်တမ်းပါအချက်အလက်များကို အသုံးပြုထားကြောင်း လေ့လာသိရှိရပါသည်။ အချက်အလက်ကောက်ယူမှုအပိုင်း(Data Collection) တွင် ခရိုင်ခြောက်ခုဖြစ်သည့် Labuan Batu၊ Malang၊ Badung၊ Sumbawa၊ Kutai Kartanegara နှင့် Barru တို့ရှိ နမူနာကောက်ကွက်အနေဖြင့် အိမ်ထောင်စု ၂၈၀၀၊ စိုက်ပျိုးရေးလုပ်ငန်း၏ ပြင်ပဖြစ်သော စီးပွားရေးလုပ်ငန်း ၂၅၀၀ နှင့် ရပ်ရွာအဖွဲ့အစည်းပေါင်း ၁၅၀ ထံမှ ကောက်ယူခဲ့ကြောင်း တွေ့ရှိရသည်။

ကျေးလက်အခြေခံအဆောက်အအုံတွင် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံနှင့် လူ့စွမ်းအားအရင်းအမြစ် အခြေခံအဆောက်အအုံဟူ၍နှစ်မျိုးရှိရာ ရေတိုအနေဖြင့် နှစ်မျိုးစလုံးသည် တိုက်ရိုက်ရောသွယ်ဝိုက်၍ပါ အကျိုးသက်ရောက်မှုရှိပြီး ရေရှည်အနေဖြင့် ကွဲပြားမှုများရှိကြောင်း လေ့လာတွေ့ရှိရသည်။ ရေရှည်တွင် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ ရေရရှိရေး၊ အိမ်ရာ၊ စီးပွားရေးအဆောက်အအုံများသည် စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုပြီး လူ့စွမ်းအားအရင်းအမြစ် အခြေခံအဆောက်အအုံသည် ကျေးလက်လုပ်သားအင်အား၏ လုပ်အားတန်ဖိုးကို ပိုမိုမြင့်တက်စေရန် အထောက်အကူပြုလျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

ယင်းလေ့လာမှုမှတစ်ဆင့် အင်ဒိုနီးရှား၏ ကျေးလက်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးမူဝါဒကို အကျဉ်းချုံးသုံးသပ်ရှုမြင်ခွင့်ရရှိပြီး အခြေခံအဆောက်အအုံနှစ်မျိုး၏ ဖွံ့ဖြိုးတိုးတက်မှုကြောင့် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မှုအား လက်တွေ့ကျကျ သုံးသပ်တင်ပြထားသည်ကို လေ့လာသိရှိရသည်။

**ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ**

သမ္မတဆိုဟာတို(Soeharto)လက်ထက်တွင် ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးမူဝါဒကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး ပြုပြင်ပြောင်းလဲရေးခေတ်အစိုးရများကလည်း ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

၂၀၀၁ ခုနှစ်တွင် စီးပွားရေးအရှိန်အဟုန်ဖြင့် ပြန်လည်ဦးမော့လာစေရန် ရည်ရွယ်၍ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့် ကော်မတီကို ဖွဲ့စည်းခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးမူဝါဒကို ပြန်လည်ပြဋ္ဌာန်းခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ယင်းမူဝါဒကို လေ့လာရာတွင် ပြုပြင်ပြောင်းလဲရေးခေတ်မတိုင်မီက ဗဟိုအစိုးရသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး ယင်းနောက်တွင်မူ ဗဟိုချုပ်ကိုင်မှုစနစ်မှ ဒေသဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အသားပေးသည့်ပုံစံသို့ ပြောင်းလဲသွားခဲ့သော်လည်း အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးကို ယင်းပြောင်းလဲမှုများနှင့်အတူ လိုက်ပါပြောင်းလဲဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။ ဥပမာ ဗဟိုအစိုးရတာဝန်ယူဆောင်ရွက်ခဲ့သည့် ဆည်ရေသောက်စနစ်သည် ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသည့် လက်ထက်တွင် ပြုပြင်ထိန်းသိမ်းမှုများ မလုပ်နိုင်ဘဲ မကြာခဏပျက်စီးလျက်ရှိသည်ကို တွေ့ရှိရသည်။ ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဆိုင်ရာ အတွေးအခေါ်များကို ပြောင်းလဲရန် ခက်ခဲသည့်အပြင် ဒေသဆိုင်ရာအစိုးရရန်ပုံငွေနှင့် ဘတ်ဂျက်အကန့်အသတ်ရှိခြင်းသည်လည်း အခြေခံအကျဆုံး အတားအဆီးဖြစ်လာခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုသည် ကျေးလက်အခြေခံအဆောက်အအုံများ မပြည့်စုံခြင်းကြောင့်သာမက လူမှုရေးနှင့် ယဉ်ကျေးမှုအခြေအနေများ၊ မြေမျက်နှာသွင်ပြင်အနေအထား စသည့် တိုးတက်မှုများကို အထောက်အကူမပြုသည့် ကျေးလက်အဖွဲ့အစည်းများကြောင့်လည်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ သို့ရာတွင် ကျေးလက်အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုသည် ကျေးလက်ဒေသစည်ပင်ဝပြောစေရေးအတွက် အခြေခံမူဘောင်တစ်ခုဖြစ်သည်ကို မငြင်းပယ်နိုင်ကြပေ။ စင်စစ်မူ လျှပ်စစ်ဓာတ်အားနှင့် ဆက်သွယ်ရေးလိုင်းများကဲ့သို့ ကြီးမားသည့်ရင်းနှီးမြှုပ်နှံမှုများကို ကျေးလက်နေပြည်သူများအနေဖြင့် ဆောင်ရွက်ရန် မစွမ်းနိုင်သော်လည်း သန့်ရှင်းသောသောက်သုံးရေ၊ မိလ္လာစနစ်နှင့် ကျေးလက်လမ်းကဲ့သို့ အချို့အခြေခံအဆောက်အအုံများကို ကျေးလက်နေပြည်သူများ အင်အားဖြင့် စုပေါင်းဆောင်ရွက်နိုင်သည်ကို တွေ့ရှိရသည်။ အင်ဒိုနီးရှားစာရင်းအင်းသုတေသနဦးစီးဌာန၏ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၈ ရက် ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ်တွင် အင်ဒိုနီးရှားအိမ်ထောင်စုများ၏ ၈၀ ဒသမ ၉ ရာခိုင်နှုန်းခန့် သန့်ရှင်းသောသောက်သုံးရေရရှိပြီး ၉၉ ဒသမ ၆၃ ရာခိုင်နှုန်းခန့် လျှပ်စစ်မီးရရှိကြောင်း တွေ့ရှိရသည်။

အစိုးရ၏ ရန်ပုံငွေမှာ အကန့်အသတ်ရှိသည့်အတွက် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သည့်အလေ့အထကို အစပြုပျိုးထောင်ပေးသင့်ကြောင်း လေ့လာသိရှိရပါသည်။ ကျေးလက်နေပြည်သူများအား ကျေးရွာအခြေခံအဆောက်အအုံ စီမံကိန်းများတွင် ပါဝင်လုပ်ကိုင်စေပြီး ဝင်ငွေရရှိစေသည့် နည်းလမ်းမျိုး ကျင့်သုံးသင့်ကြောင်း တင်ပြထားသည်ကိုလည်းတွေ့ရှိရသည်။

ယင်းနည်းလမ်းသည် Direct Cash Assistance (BLT)ခေါ် တိုက်ရိုက် ငွေကြေးထောက်ပံ့သည့်စနစ်ထက် ပိုမိုအကျိုးရှိကြောင်း တွေ့ရှိရသည်။ BLT အစီအစဉ်သည် အစိုးရအပေါ် မှီခိုအားထားမှုကို မြင့်တက်စေသောကြောင့်ဖြစ်ပြီး လုပ်အားပါဝင်ဆောင်ရွက်စေသည့် နည်းလမ်းမှာ ကိုယ့်အားကိုယ်ကိုးသည့် အလေ့အထကောင်းကို ရရှိစေသည့်အပြင် အမှန်တကယ်ဆင်းရဲသူများအတွက် အထောက်အပံ့ကောင်းဖြစ်စေသည့် မှန်ကန်သောနည်းလမ်းဖြစ်သည်ကို တွေ့ရှိရသည်။ အလုပ်လုပ်ချင်စိတ်ရှိသူများအတွက် ဆင်းရဲတွင်းမှ အမှန်တကယ်လွတ်မြောက်နိုင်စေမည်ဖြစ်ပါသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် ကျေးရွာချင်းဆက်လမ်း၊ ကုန်ထုတ်လမ်း၊ ရေရရှိရေးလုပ်ငန်းများ၊ လူထုဗဟိုပြုစီမံကိန်း၊ Cash for Work စီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(Village Development Project–VDP)များမှာ ကျေးရွာပြည်သူ၏ လုပ်သားအင်အား ပူးပေါင်းပါဝင်စေခြင်းဖြင့် လုပ်ခလစာရရှိစေသည့်နည်းလမ်းကို ကျင့်သုံးလျက်ရှိသော စီမံကိန်းများဖြစ်ပြီး မြစိမ်းရောင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေစီမံကိန်း၏ အတိုးရငွေဖြင့်လည်း ကျေးရွာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**“ သီးနှံ့အာမခံလုပ်ငန်းတွင် သဘာဝဘေးအန္တရာယ်များ၊ အပင်ပိုးကျခြင်းများ၊ တိရစ္ဆာန်ကူးစက်ရောဂါဖြစ်ပွားမှု၊ ရာသီဥတုပြောင်းလဲမှုများကြောင့် ထိခိုက်မှုများနှင့် စည်းမျဉ်းအရ သတ်မှတ်ထားသော အခြားဘေးအန္တရာယ်အမျိုးအစားများ အကျုံးဝင်ပါသည်။ အာမခံပရီမီယံကြေးနှင့် အာမခံလျော်ကြေးသည် ဆန်စပါးထုတ်လုပ်မှု ကုန်ကျစရိတ်အပေါ်တွင် မူတည်သတ်မှတ်ပြီး အာမခံပရီမီယံကြေးကို အစိုးရနှင့် လယ်သမားများက မျှဝေကျခံကြခြင်းဖြစ်သည်။ အာမခံထားရှိသည့် သီးနှံ့များ ပျက်စီးခြင်းဖြစ်ပေါ်ပါက နောက်စိုက်ပျိုးရာသီတွင် စပါးပြန်လည်စိုက်ပျိုးနိုင်စေရန် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်ကို လျော်ကြေးအဖြစ် ပြန်လည်ရရှိမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း သီးနှံ့အာမခံစနစ် Pilot ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်းသိရှိရပြီး မဖြစ်မနေဆောင်ရွက်သင့်သည့် လုပ်ငန်းဖြစ် ”**

(ဆက်လက်ဖော်ပြပါမည်)

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူကျန်းမြို့တွင် ကျင်းပလျက်ရှိသည့် ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံ သတင်းအချက်အလက် ဗဟိုချက်ဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြား

ဝူကျန်း နိုဝင်ဘာ ၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူကျန်းမြို့တွင် ကျင်းပလျက်ရှိသည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့အင်တာနက်ညီလာခံ (ဝူကျန်းထိပ်သီးအစည်းအဝေး) သို့ တက်ရောက်လျက်ရှိသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန်နှင့်အတူ နိုဝင်ဘာ ၈ ရက် ညနေပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံ သတင်းအချက်အလက် ဗဟိုချက်ဆိုင်ရာဆွေးနွေးပွဲ (The 2nd Dialogue on China-ASEAN Information Harbor) သို့တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။




## မျက်ဝါးထင်ထင် မြင်တွေ့ကြရ

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြောကြားရာတွင် ဝူကျန်းမြို့သည် တရုတ်နိုင်ငံ၏ အထင်ကရ စာရေးဆရာကြီး၊ သတင်းစာဆရာကြီး၊ ပြဇာတ်ရေးဆရာကြီး မောင်တွမ့်၏ ဇာတိချက်ကြွေမွေးရပ်မြေဖြစ်သည့်အတွက် ယခုကျင်းပသည့် သတင်းအချက်အလက်ဆိုင်ရာ ဆွေးနွေးပွဲနှင့် အင်မတန်လိုက်ဖက်ညီလှသည်ဟု ခံစားမိပါကြောင်း၊ ဆွေးနွေးပွဲကို "ဒစ်ဂျစ်တယ် ဂေဟဗေဒအသစ်တည်ဆောက်ခြင်း၊ ပင်လယ်ပြာပူးပေါင်းဆောင်ရွက်မှုအသစ်တစ်ခု ဖန်တီးခြင်း" ဆိုသည့် ခေါင်းစဉ်ဖြင့် ကျင်းပသည့်အတွက် ခေတ်သစ်ဒစ်ဂျစ်တယ် ဂေဟဗေဒတစ်ခု တည်ဆောက်နိုင်ရန် စိတ်ကူးသစ်များ၊ သုံးသပ်ချက်များ၊ ပူးပေါင်းဆောင်ရွက်မှုအသစ်များ၊ ချဉ်းကပ်မှုအသစ်များနှင့် အကြံကောင်းဉာဏ်ကောင်းများ ရရှိလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ဒစ်ဂျစ်တယ်ဂေဟဗေဒသစ်ဆိုသည်မှာ ဒစ်ဂျစ်တယ်နည်းပညာများ၊ ပလက်ဖောင်းများနှင့် အပြန်အလှန်အကျိုးပြုမှုများကြားတွင် လိုက်လျောညီထွေဖွဲ့စည်းထားသည့် ဂေဟစနစ်တစ်ခုပင်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် များပြားလှသည့် ဒစ်ဂျစ်တယ် အစိတ်အပိုင်းများ၊ နည်းပညာများနှင့် ဒစ်ဂျစ်တယ်ပစ္စည်းများသည် မိမိတို့၏ဘဝများ၊ စီးပွားရေးလုပ်ငန်းများနှင့် လူမှုအသိုက်အဝန်းကြီး တစ်ခုလုံးကို မည်သို့မည်ပုံအကျိုးသက်ရောက်နေသည်၊ မည်မျှအထိ အကျိုးသက်ရောက်နေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ကြရပြီဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်ဂေဟဗေဒသစ်တွင် ကျယ်ပြန့်ပြီး မတူကွဲပြားသည့် ဒစ်ဂျစ်တယ်နည်းပညာများပါဝင်နေပြီး ဥပမာအားဖြင့် ဉာဏ်ရည်တုနည်းပညာများ၊ The Internet of things (IOT) များ၊ ဘလောက်ချိန်း(Block chain)များ၊ ဘစ်ဒေတာ (Big Data) များ၊ Cloud Computing များ ပါဝင်ကြကာ တစ်ခုနှင့်တစ်ခု ချိတ်ဆက်၍ အပြန်အလှန်အကျိုးပြုနေကြခြင်းဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲမှာ ပင်လယ်ပြာပူးပေါင်းဆောင်ရွက်မှု အသစ်တစ်ခု ဖန်တီးခြင်း (Create a New Blue Ocean of Cooperation) ဆိုသည်ကို ဦးတည်ဆွေးနွေးမည်ဟု ယုံကြည်ပါကြောင်း၊ ပင်လယ်ပြာပူးပေါင်းဆောင်ရွက်မှု၏ ဆုံရပ် (သို့မဟုတ်) စုစည်းရာပလက်ဖောင်းတစ်ခုအနေဖြင့် China-ASEAN Information Harbor ဆိုသည့်ကွန်ရက်တစ်ခုကို အကျိုးရှိစွာ အသုံးပြုကြရမည်ဟု ယုံကြည်ပါကြောင်း၊ ထို့ပြင် သတင်းအချက်အလက်ဆိုင်ရာ ဗဟိုချက်သည် တရုတ်-အာဆီယံ အသိုက်အဝန်းတစ်ခုကို ပိုမိုနီးကပ်စွာ တည်ဆောက်ရာတွင် လွန်စွာအရေးကြီးသည့်အတွက် မိမိတို့မြန်မာနိုင်ငံက တက်ကြွစွာပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ဒစ်ဂျစ်တယ်ချိတ်ဆက်မှုမှတစ်ဆင့် ကုန်သွယ်ရေးနှင့် စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ e-Government တည်ဆောက်ရေး၊ ဒစ်ဂျစ်တယ်အသုံးပြုပြည်သူ့ရေးရာ ဝန်ဆောင်မှုများ ကျယ်ပြန့်စွာဖြစ်ထွန်းရေး၊ နယ်စပ်ဖြတ်ကျော် သတင်းအချက်အလက်စီးဆင်းရေး၊ နည်းပညာပူးပေါင်း ဆောင်ရွက်ရေး၊ ပြည်သူအချင်းချင်း ချိတ်ဆက်မှုမြှင့်တင်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အထောက်အကူပြုရေးစသည့် နယ်ပယ်အသီးသီးတွင် မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ကြမည်ဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲမှတစ်ဆင့် တရုတ်-အာဆီယံနိုင်ငံများအကြား ဒစ်ဂျစ်တယ်ပူးပေါင်းဆောင်ရွက်မှုနှင့် ဒစ်ဂျစ်တယ်နည်းပညာ ဖလှယ်မှုများ မြှင့်တင်နိုင်ပါစေ၊ ပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှုနှင့် ချစ်ကြည်ရင်းနှီးမှုများ၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ကြဉ်းပေးနိုင်ပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဒုတိယဝန်ကြီးများ၊ ပညာရှင်များက ဒစ်ဂျစ်တယ်နည်းပညာများ မျှဝေရေးနှင့် အနာဂတ်တွင် ဒစ်ဂျစ်တယ်နည်းပညာရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ပါဝင်ဆွေးနွေးကြရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန်က သတင်းတု သတင်းမှားများ တိုက်ဖျက်ရေးနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စများကို ပါဝင်ဆွေးနွေးပြောကြားသည်။

တရုတ်-အာဆီယံ သတင်းအချက်အလက် ဗဟိုချက်သည် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများကို ချိတ်ဆက်ပေးသည့် ဒစ်ဂျစ်တယ်ပိုးလမ်းမစီမံကိန်းဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

တရုတ်-အာဆီယံ သတင်းအချက်အလက် ဗဟိုချက်သည် အင်တာနက်ချိတ်ဆက်မှုနှင့် သတင်းအချက်အလက် ဖလှယ်မှုများမှတစ်ဆင့် တရုတ်-အာဆီယံနိုင်ငံများအကြား အပြန်အလှန် အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပေးရန်ဖြစ်သည်။ အထူးသဖြင့် အခြေခံအဆောက်အအုံ တည်ဆောက်မှု၊ သတင်းအချက်အလက်မျှဝေမှု၊ နည်းပညာ ပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးနှင့် ကုန်သွယ်ရေးဝန်ဆောင်မှု၊ ယဉ်ကျေးမှုဖလှယ်မှုများ ပါဝင်သည့် ပလက်ဖောင်းငါးခုကို တည်ဆောက်ပြီး One Base, One Center, One Pillar and Two Clusters ၏ ဖွံ့ဖြိုးတိုးတက်မှုပုံစံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ညနေပိုင်းတွင် ဝူကျန်းမြို့ WIC Convention Center အနီးတွင် ခင်းကျင်းပြသသည့် The Light of Internet Expo ပြပွဲသို့ သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့သည်။

ယင်းပြပွဲသည် ကမ္ဘာလုံးဆိုင်ရာအင်တာနက် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းများနှင့် အဆင့်မြင့်နည်းပညာများကို အဓိကပြသထားသည့် ပြပွဲဖြစ်ပြီး ဒစ်ဂျစ်တယ် စီးပွားရေးကဏ္ဍအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖလှယ်မှုများရရှိလာစေရန် အရေးကြီးသည့် ပလက်ဖောင်းတစ်ခုအဖြစ် ဖန်တီးရန် ရည်ရွယ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် နေပြည်တော်ရှိ သတင်းစာတိုက်များ၊ ပုံနှိပ်စက်ရုံနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၉

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သတင်းစာတိုက်များနှင့် ပုံနှိပ်စက်ရုံတို့သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။




ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဝန်ထမ်းအိမ်ရာများနှင့် ရေဒီယိုအသံလွှင့်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)

ယင်းနောက် ဒုတိယဝန်ကြီးသည် ဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ သတင်းထုတ်လွှင့်ဖော်ပြမှုများ စနစ်တကျရှိရန်၊ အမှားအယွင်းမဖြစ်စေရေးတို့ကို တာဝန်ရှိသူများက အမြဲကြပ်မတ်စစ်ဆေးဆောင်ရွက်ရန်၊ စက်ပစ္စည်းများ၊ ကုန်ကြမ်း၊ ကုန်ချောများ ပျက်စီးပျောက်ဆုံးမှုနှင့် လေလွင့်ဆုံးရှုံးမှု မရှိရန်၊ ကျောင်းသုံးစာအုပ်များနှင့် သတင်းစာများပုံနှိပ်ရာတွင် အရည်အသွေးကောင်းမွန်ရန်၊ ပွင့်လင်းရာသီ ရောက်ရှိပြီဖြစ်၍ စက်ရုံ၊ အလုပ်ရုံနှင့် ဝန်ထမ်းအိမ်ရာများ အပါအဝင် မီးဘေးအန္တရာယ် သတိထားပြီး မီး၊ ရေ သုံးစွဲမှု စနစ်တကျရှိစေရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်း၊ လုပ်ငန်းစဉ် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တောင်ကြီးမြို့နယ် သမဝါယမအသင်းစု အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

တောင်ကြီး နိုဝင်ဘာ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် မြို့နယ်သမဝါယမအသင်းစု၏ ၂၀၁၉-၂၀၂၀ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်များအတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အောင်မြတ်ခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမောင်မောင်သန်းက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်က အမှာစကားပြောကြားသည်။

## အတည်ပြုချက်ရယူ

ဆက်လက်ပြီး မြို့နယ်သမဝါယမအသင်းစု အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားရှင်းလင်းခြင်း၊ လစ်လပ်သောအမှုဆောင်တစ်ဦးအား ရွေးချယ်တင်မြှောက်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်းတို့အတွက် အတည်ပြုချက်ရယူခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ပြည်နယ်သမဝါယမဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစု အမှုဆောင်များ၊ အသင်းဝင်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အစည်းအဝေးကို ဖွင့်လှစ်ပြီး အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကိုမြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက် ခရစ်နှစ် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပသွားမည်ဖြစ်ပါကြောင်း။

ယခုနှစ်ကထိန်ခံကျောင်းအဖြစ် ရဟန်း ၂၂ ပါး၊ သာမဏေ ၁၁၈ ပါးရှိသည့် ဇမ္ဗူသီရိမြို့နယ်ရှိ မဟာဝိဇိတာရုံကျောင်းတိုက်ကို ရွေးချယ်ထားပြီး နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည်နှင့်အညီ စာသင်သားရဟန်းသာမဏေ အင်အားများသည့် ပရိယတ္တိစာသင်တိုက်ကြီးတစ်ခု၏ "ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး"ဆိုသည့် ပစ္စည်းလေးပါး လိုအပ်ချက်များကို အပြည့်အဝ ဖြည့်ဆည်းလှူဒါန်းပေးနိုင်သည့်အတွက် အတိုင်းမသိ ဝမ်းသာကြည်နူးရမည်ဖြစ်ပါကြောင်း။

ယခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယခင်နှစ်များနည်းတူ ဖိတ်ကြားသွားမည်ဖြစ်ပြီး အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီး နှစ်ပါး၊ ဒေသခံပင့်သံဃာတော်များဖြစ်သည့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီး ရှစ်ပါး၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်သုံးပါး၊ နေပြည်တော်သံဃနာယကအဖွဲ့ ဆရာတော် ငါးပါးနှင့် ကထိန်ခံကျောင်းတိုက်မှ ပဓာနနာယက ဆရာတော်အမှူးပြုသော ပင့်သံဃာ ကိုးပါး **စုစုပေါင်း ဆရာတော်ကြီး ၂၇ ပါး**တို့ကို ပင့်လျှောက်ပြီး ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ပါကြောင်း။

ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီဖွဲ့စည်းမှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ပါသဖြင့် ဤဝန်ကြီးဌာန အနေဖြင့် ဆပ်ကော်မတီ ၁၂ ခုကို ဖွဲ့စည်းတာဝန်ပေးအပ်သွားမည်ဖြစ်၍ ဆပ်ကော်မတီ ခုနစ်ခုကို တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဆပ်ကော်မတီ အသီးသီး၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပူးပေါင်းပါဝင် ကုသိုလ်ယူဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံပါကြောင်း။

ဆက်လက်၍ ကျန်းမာရေးဆပ်ကော်မတီ အနေဖြင့် ဆရာတော်ကြီးများသီတင်းသုံးမည့် သံဃာရာမကျောင်းဆောင်များနှင့် အခမ်းအနားကျင်းပမည့် သာသနာ့မဟာဗိမာန်တော်ကြီးတို့တွင် အနောက်တိုင်းဆေးခန်းနှင့် တိုင်းရင်းဆေးခန်းများထားရှိ၍ သံဃာရာမကျောင်းဆောင်များနှင့် ဗိမာန်တော်ကြီး ဝန်းကျင်တို့တွင် ကြိုတင်ဆေးဖျန်းခြင်းများ၊ ဗိမာန်တော်ကြီးအဝင်တွင် အပူချိန်တိုင်းကိရိယာကို အစမ်းလေ့ကျင့်မည့်နေ့ရက်မှစ၍ ကြိုတင်ပြင်ဆင်ထားရှိပါက အဆင်ပြေမည်ဖြစ်ကြောင်း။

အခမ်းအနားကျင်းပရေး ဆပ်ကော်မတီ အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ စည်းကမ်းများနှင့်အညီ နေရာချထားနိုင်ရေးနှင့် သံဃာရာမကျောင်းဆောင်များနှင့် ဗိမာန်တော်ကြီးတို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးဆိုင်ရာပစ္စည်းများ စီမံဆောင်ရွက်ထားရှိရန်၊ ပဒေသာပင်များ စီစဉ်ရေးဆပ်ကော်မတီအနေဖြင့် နိုင်ငံတော်အဆင့် အခမ်းအနားနှင့် လျော်ညီစွာ တင့်တယ်ကြည်ညိုဖွယ်ဖြစ်စေရန်အတွက် ပဒေသာပင်များအား စနစ်တကျခင်းကျင်း ပြသနိုင်ရေး၊ အရွယ်အစားတစ်ပြေးညီ ဖြစ်စေရန်နှင့် သတ်မှတ်ထားသည့် နေ့ရက်၊ အချိန်အတွင်း အချိန်မီ ရောက်ရှိရေး အလေးထားဆောင်ရွက်ပြီး ပို့ဆောင်ရာတွင်လည်း အထူးအလေးထား ပို့ဆောင်ကြရန် လိုအပ်ကြောင်း။

အထူးဂရုပြုရမည်မှာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဧည့်ခံကျွေးမွေးခြင်းတို့တွင် ဝေယျာဝစ္စဆောင်ရွက်ကြမည့် ရုံးဝန်ထမ်းများနှင့် ဟိုတယ်ဝန်ထမ်းများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးသူများဖြစ်ရန်နှင့် RFID ကတ်များ ကြိုတင်ပြုလုပ်ထားပြီး လူပြောင်းလဲတာဝန်ထမ်းဆောင်ခြင်းမျိုး မဖြစ်စေရန် လိုအပ်ကြောင်း ပြောကြားသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ၂၀၂၃ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိသည့် အသေးစိတ်အခြေအနေများကို ဆွေးနွေးတင်ပြ၍ ဆပ်ကော်မတီအသီးသီးမှလည်း ဆပ်ကော်မတီအလိုက်ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသော ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ **"ဗုဒ္ဓသာသနံစိရံတိဋ္ဌတု"** သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အစည်းအဝေးကို ရုပ်သိမ်းသည်။ ထို့နောက် ဆက်ကပ်လှူဒါန်းမည့် လှူဖွယ်ပစ္စည်းများ ခင်းကျင်းပြင်ဆင်ထားမှုနှင့် ဆွမ်းဆက်ကပ် ဧည့်ခံကျွေးမွေးရန် စားပွဲဝိုင်းများ ပြင်ဆင်ထားမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# "မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေဆိုင်ရာ သိကောင်းစရာများ" ခေါင်းစဉ်ဖြင့် အသိပညာမျှဝေဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၉**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အသိပညာမျှဝေရေးအစီအစဉ် (Knowledge Sharing Program-KSP) အရ ကျင်းပသည့် ဆွေးနွေးပွဲ အမှတ်စဉ်(၃၅)ကို "မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေဆိုင်ရာ သိကောင်း စရာများ" ခေါင်းစဉ်ဖြင့် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ဆွေးနွေးပွဲတွင် ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးက အစိုးရဌာန၊ အဖွဲ့ အစည်းများ၏ လုပ်ငန်းတာဝန်များ အောင်မြင်ပြီးမြောက်ပြီး ရေရှည်တည်တံ့သည့် တိုးတက်အောင်မြင်မှုများ ရရှိစေရန်အတွက် အသိပညာနှင့်ပြည့်စုံသော ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် ဝန်ထမ်းများ၏ စစ်ဆေးရေးနှင့် ရုံးလုပ်ငန်းစီမံခန့်ခွဲမှု ဆိုင်ရာ ကျွမ်းကျင်မှု အရည်အသွေးများ ပြည့်ဝနေစေရန်နှင့် အသိပညာနှင့်ယှဉ်သော စီမံခန့်ခွဲမှုစွမ်းဆောင်ရည်များ ပိုမိုတိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ အသိပညာမျှဝေဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိပါကြောင်း၊ ယခုဆွေးနွေးပွဲတွင်လည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုအသုံးပြု၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းနှင့် ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်လုပ်ထုံးလုပ်နည်းများကိုဆွေးနွေးပေးသွားမည်ဟု သိရှိရပါကြောင်း၊ အသိပညာ၊ ဗဟုသုတများ တိုးပွားရရှိပြီး စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာ အကျိုးရှိမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေပါ ခွင့်ပြုလုပ်ငန်းများ၊ အသုံးပြုခွင့်လျှောက်ထားမှု၊ ခွင့်ပြုနိုင်သည့် ဧရိယာနှင့် အချိန်ကာလသတ်မှတ်မှု၊ အာမခံကြေး ပေးသွင်းမှုဆိုင်ရာကိစ္စရပ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းတို့ကို ပြုလုပ်ကြသည်။

ဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့မှ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များတွင် E-Book ထုတ်ဝေစာများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေတွင် ထုတ်ဝေစာဆိုသည်မှာ လက်ရေးစာ၊ ပုံနှိပ်စာ၊ အီလက်ထရောနစ်နှင့် အခြားနည်းပညာတစ်ရပ်ရပ်ဖြင့် ဖန်တီး၍ ထုတ်ဝေလိုက်သည့် စာတို့အပြင် ယင်းတို့နှင့် အမျိုးအစားတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ထင်ရှားမြင်သာသော ပုံသဏ္ဍာန်ရှိသည့်အရာ သို့မဟုတ် ပုံအားဖြင့်သော်လည်းကောင်း၊ သဏ္ဍာန်အားဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းအားဖြင့်သော်လည်းကောင်း စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ သိရှိစေနိုင်သည့်အရာများနှင့် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်များကိုဆိုသည်ဟုလည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၁၅ တွင် မည်သူမျှ သက်ဆိုင်ရာလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရဟု လည်းကောင်း ပြဋ္ဌာန်းထားရှိပါသည်။

၂။ ယခုအခါ အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များတည်ထောင်၍ E-Book ထုတ်ဝေစာများအား ထုတ်ဝေဖြန့်ချိလျက်ရှိသည်ကို တွေ့ရှိရပြီး ၎င်း E-Book ထုတ်ဝေစာများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပါ ထုတ်ဝေစာအဓိပ္ပာယ် ဖွင့်ဆိုချက်တွင် အကျုံးဝင်ပါသဖြင့် သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်၍ Digital Platform အသုံးပြုကာ Application နှင့် Website များတည်ထောင်၍ E-Book များ ထုတ်ဝေဖြန့်ချိဆောင်ရွက်နေသူများအနေဖြင့် ဥပဒေပုဒ်မ ၁၅ နှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူဆောင်ရွက်ရန်၊ မိမိတို့၏ထုတ်ဝေစာများသည် ပုဒ်မ ၈ ပါ စည်းကမ်းချက်များနှင့်အညီ ရေးသားထုတ်ဝေဆောင်ရွက်ရန်နှင့် နည်းဥပဒေ ၁၅(ခ)နှင့်အညီ E-Book Soft Copy (၅)အုပ်/ (၅)စောင်ကို မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးအပ်ရန်လိုအပ်ပါကြောင်းနှင့် လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် UNHCR ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လက်ထောက်မဟာမင်းကြီး Mr. Raouf Mazou နှင့်အဖွဲ့ကို တွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ် ဖြစ်သူ UNHCR ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လက်ထောက်မဟာမင်းကြီး Mr. Raouf Mazou နှင့်အဖွဲ့ကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ ပံ့ပိုးပေးနိုင်ရေးအတွက် ဝန်ကြီးဌာနနှင့် UNDP–UNHCR တို့အကြား နားလည်မှုစာချွန်လွှာ(MoU) ရေးထိုးဆောင်ရွက်ခဲ့မှုနှင့် ယင်း MoU သက်တမ်းတိုးမြှင့်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးဆဲကာလအတွင်း MoU သက်တမ်းကုန်ဆုံးမှုအခြေအနေ၊ ယင်း MoU ပါ စာသားအချို့အား လက်ရှိအခြေအနေနှင့် ကိုက်ညီသည့်စာသားအသုံးအနှုန်းများဖြင့် ပြင်ဆင်ရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်နေမှု အခြေအနေ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် မြန်မာ–ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်နေမှုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှပေးပို့လာသည့် စာရင်းများအား နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပြန်လည်စိစစ်အတည်ပြုပြန်ကြားမှု အခြေအနေ၊ လက်ရှိအခြေအနေတွင် Pilot Project ဖြင့် ပြန်လည်လက်ခံရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှုနှင့် အသုတ်လိုက် ပြန်လည်လက်ခံနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ ပြန်လည်ဝင်ရောက်လာသူများအား မူလနေထိုင်ရာဒေသ (သို့မဟုတ်) မူလနေထိုင်ရာဒေသနှင့် အနီးဆုံးလုံခြုံစိတ်ချရသောနေရာများ၌ ပြန်လည်နေရာချထားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် နေရာချထားမည့်ဒေသများအား ၎င်းတို့၏ကိုယ်စားလှယ်များ လာရောက်ကြည့်ရှုလေ့လာခဲ့မှု၊ UNHCR ကိုယ်စားလှယ်များအနေဖြင့် ယခုခရီးစဉ်အတွင်း ရခိုင်ပြည်နယ်သို့ သွားရောက်ခဲ့မှုနှင့် ဒေသအာဏာပိုင်များနှင့် တွေ့ဆုံ၍ ပြန်လည်လက်ခံရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများအား မေးမြန်းဆွေးနွေးခဲ့မှုအခြေအနေ၊ ဝန်ကြီးဌာနနှင့် UNDP–UNHCR တို့အကြား သဘောတူလက်မှတ်ရေးထိုးမည့် MoU အား သုံးပွင့်ဆိုင် ညှိနှိုင်းပြင်ဆင် အတည်ပြုလက်မှတ် ရေးထိုးပြီးပါက ပြန်လည်ဝင်ရောက်လာသူများအတွက် ပြန်လည်နေရာချထားနိုင်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေး၍ ရေရှည်လူမှုဘဝ ရပ်တည်နေထိုင်နိုင်ရေးတို့အတွက် စီမံဆောင်ရွက်နိုင်ရေးအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများ၊ အာရှ–ပစိဖိတ်ဒေသဆိုင်ရာ ဗျူရိုညွှန်ကြားရေးမှူး Mr. Indrika Ratwatte ၊ UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms. Noriko Takagi နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း ကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၉**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ကျင်းပသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်လူငယ်တို့၏အခန်းကဏ္ဍ စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီတွင် ပုဗ္ဗသီရိမြို့နယ် အထက–၂၀ ကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**ပြုစုပျိုးထောင်ရန် လိုအပ်**

ဦးစွာကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးက လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်များဖြစ်သည့်အတွက် လုပ်ငန်းခွင်သို့ ဝင်ရောက်ရာ၌ အဂတိတရားလေးပါးကင်းရှင်းစေရန်၊ ကျင့်ဝတ်လိုက်နာရန်နှင့် ဖြောင့်မတ်တည်ကြည်မှု အလေ့အထကောင်းများကို ပြုစုပျိုးထောင်ရန် လိုအပ်ကြောင်း၊ ကော်မရှင်အနေဖြင့်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ကျောင်းသားလူငယ်တို့၏ အခန်းကဏ္ဍကိုမြှင့်တင်ရန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးမြှင့်လာစေရန်၊ အဂတိလိုက်စားမှုကို လက်သင့်မခံသည့် လူမှုဝန်းကျင်တစ်ခုကို တည်ဆောက်နိုင်ရန်နှင့် ကျောင်းသား လူငယ်များ၏အတွေးအခေါ်များ မြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းများကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အထက်တန်းကျောင်းများတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊

ပညာရေးဝန်ကြီးဌာနအနေဖြင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး သင်ခန်းစာများကို အခြေခံပညာအထက်တန်း Grade–11 အထိ သင်ကြားနိုင်ရေးအတွက် သင်ခန်းစာများ ထည့်သွင်းရေးဆွဲထားပြီးဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ကျောင်းသားလူငယ်များ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေး (Edutainment) အစီအစဉ်များကို နေပြည်တော်နှင့် ကော်မရှင်ရုံးခွဲများတည်ရှိသည့် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်မြို့များရှိ အခြေခံပညာကျောင်းများမှ (မူလတန်းနှင့် အလယ်တန်း) အဆင့် ကျောင်းသား ကျောင်းသူများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်ခန်းစာများကို ဆွေးနွေးပို့ချလျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးသင်ခန်းစာများကို စိတ်ဝင်တစား ကြိုးစားသင်ယူပြီး ရရှိလာသည့် အသိပညာဗဟုသုတများကို မိမိပတ်ဝန်းကျင်တွင် မျှဝေပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ “အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူငယ်တို့၏အခန်းကဏ္ဍ” ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး ပုဗ္ဗသီရိမြို့နယ် အထက–၂၀ မှ ကျောင်းသား ကျောင်းသူများက ၎င်းတို့၏ သိရှိလိုသည်များကို မေးမြန်းရာ Speaker များအဖြစ် ပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသားကျောင်းသူများက ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**ကြေညာချက်**
**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပထမနှစ် (၂၀၂၃ အောင်) (ပထမနှစ်ဝက်)သင်တန်းနှင့် ဒုတိယနှစ်(ပထမနှစ်ဝက်) သင်တန်းများကို ၁၆-၁၁-၂၀၂၃ ရက်နေ့မှစတင်၍ (စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပြီး ၂၃-၁၁-၂၀၂၃ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဘွဲ့သင်တန်းများ၏ ဒုတိယနှစ်ဝက်သင်တန်းများကို ၂၃-၁၁-၂၀၂၃ ရက်နေ့မှ စတင်၍ ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၂။ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ်(ပထမနှစ်ဝက်) သင်တန်းသို့ ဝင်ခွင့်ရရှိသည့် ကျောင်းသား၊ ကျောင်းသူများစာရင်းအား (၉-၁၁-၂၀၂၃)ရက်နေ့၌ ဝန်ကြီးဌာန၏ website ဖြစ်သည့် https://mcrd.gov.mm နှင့် ဤတက္ကသိုလ်၏ website ဖြစ်သည့် https://ucmt.edu.mm တို့တွင် ကြေညာပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး) ပထမနှစ်၊ ဒုတိယနှစ်သင်တန်းများ ဖွင့်လှစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**သမဝါယမဦးစီးဌာန**
**ကြေညာချက်**
**သမဝါယမကောလိပ်(မန္တလေး၊ ဖောင်ကြီး)**
**ပထမနှစ်၊ ဒုတိယနှစ်သင်တန်းများ ဖွင့်လှစ်ခြင်း**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနကြီးကြပ်မှုအောက်ရှိ သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး)တို့တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပထမနှစ်(၂၀၂၃ ခုနှစ်အောင်) (ပထမနှစ်ဝက်)သင်တန်းနှင့် ဒုတိယနှစ်(ပထမနှစ်ဝက်) သင်တန်းများကို (၁၆-၁၁-၂၀၂၃) ရက်နေ့မှစတင်၍ နံနက် (၉)နာရီမှ ညနေ (၄)နာရီအထိ ကျောင်းအပ်လက်ခံပြီး ပထမနှစ်(ပထမနှစ်ဝက်) သင်တန်းနှင့် ဒုတိယနှစ် (ပထမနှစ်ဝက်၊ ဒုတိယနှစ်ဝက်)သင်တန်းအားလုံးအား (၂၃-၁၁-၂၀၂၃) ရက်နေ့၌ စတင်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ်(ပထမနှစ်ဝက်) သင်တန်းသို့ ဝင်ခွင့်ရရှိသည့် ကျောင်းသား၊ ကျောင်းသူများစာရင်းအား (၉-၁၁-၂၀၂၃)ရက်နေ့၌ ဝန်ကြီးဌာန၏ website ဖြစ်သည့် https://mcrd.gov.mm နှင့် သက်ဆိုင်ရာ သမဝါယမကောလိပ်များတွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

**သမဝါယမဦးစီးဌာန**

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အောင်မြင်စွာကျင်းပနိုင်ခဲ့**

ရှေးဦးစွာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက အခြေခံပညာကျောင်းသားအားကစားပွဲတော်ကို ၁၉၉၀ ပြည့်နှစ်မှစ၍ ပထမအကြိမ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် စတင်ကျင်းပခဲ့ပါကြောင်း၊ ၁၉၉၈ ခုနှစ်တွင် အဋ္ဌမအကြိမ်အဖြစ် ချင်းပြည်နယ် ဟားခါးမြို့တွင်ကျင်းပခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ရပ်နားသွားခဲ့ပါကြောင်း၊ ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်တို့တွင် နေပြည်တော်၌ နှစ်ကြိမ်ဆက် ကျင်းပပေးခဲ့ပြီး ထပ်မံရပ်နားသွားခဲ့ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် နေပြည်တော်၌ ပြန်လည်ကျင်းပခဲ့ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် အားကစားနည်းလေးမျိုးဖြစ်သည့် ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်းဖြင့် စနစ်တကျ အောင်မြင်စွာကျင်းပနိုင်ခဲ့ပါကြောင်း၊ ယခု ကျင်းပမည့် ကျောင်းသားအားကစားပွဲတော်ကို ဒီဇင်ဘာ ၄ ရက်မှ ၁၅ ရက်အထိ ဘတ်စကက်ဘော၊ ကြက်တောင်၊ စားပွဲတင်တင်းနစ် အားကစားနည်းသုံးမျိုး ထပ်တိုး၍ အားကစားနည်း ခုနစ်မျိုးဖြင့် ကျင်းပပေးမည်ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းသား အားကစားပွဲတော်ကို 2024 ASEAN School Game ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ရည်ရွယ်ကျင်းပခြင်းဖြစ်သည့်အတွက် လုပ်ငန်းစီမံချက်ပါလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာန တာဝန်ရှိသူအဆင့်ဆင့်က အလေးထား ဆောင်ရွက်ကြစေလိုပါကြောင်း၊ ပံ့ပိုးကူညီပေးကြသည့် အခြားဝန်ကြီးဌာနများအနေဖြင့်လည်း ဆက်လက် ကူညီဆောင်ရွက်ပေးကြရန် ဖြစ်ကြောင်း၊ ယခုအကြိမ်ကျင်းပမည့် အခြေခံပညာကျောင်းသား အားကစားပွဲတော်တွင် ဖွင့်ပွဲအပါအဝင်ပြိုင်ပွဲဝင်ကာလတစ်လျှောက်လုံး အဆင်ပြေချောမွေ့စွာ ကျင်းပပြီးစီးရေးအတွက် ဆက်စပ်ဌာနများအားလုံး၊ သက်ဆိုင်ရာ အားကစားအဖွဲ့စနစ်များအားလုံးတို့နှင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်ကြပါရန်နှင့် မလိုလားအပ်သောပြဿနာများ မပေါ်ပေါက်ရေး အထူးအလေးထား ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။



ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က ကျောင်းသားအားကစားပြိုင်ပွဲ ကျင်းပရန်နေရာနှင့် ပြိုင်ပွဲဝင်အားကစားအဖွဲ့များ တည်းခိုရေး၊ စားသောက်ရေးစသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ယင်းနောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က လုပ်ငန်းများအား ရှင်းလင်းတင်ပြပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ဆွေးနွေးအကြံပြုသည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဌေးက အခြေခံပညာကျောင်းသားအားကစားပွဲတော်ကျင်းပရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ဆွေးနွေးအကြံပြုကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်လျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## သူနာပြုတက္ကသိုလ်(မန္တလေး)နှင့် ဂျပန်နိုင်ငံ St. Luke's International University တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် နိုဝင်ဘာ ၉**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုတက္ကသိုလ်(မန္တလေး)နှင့် ဂျပန်နိုင်ငံ St. Luke's International University တို့အကြား ပညာရပ်ဆိုင်ရာ နယ်ပယ်များတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် ငါးနှစ်သက်တမ်းရှိ နားလည်မှုစာချွန်လွှာ (Memorandum of Understanding) လက်မှတ်ရေးထိုးပွဲကို ယနေ့တွင် နေပြည်တော်ရှိ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၌ Online စနစ်ဖြင့် ကျင်းပသည်။







အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်း တက်ရောက်အမှာစကားပြောကြားပြီး သူနာပြုတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်ဝင်းစိန်နှင့် St. Luke's International University မှ Secretary General, Mr. Akiyoshi Watanabe တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

ယင်းနားလည်မှု စာချွန်လွှာအရ တက္ကသိုလ်နှစ်ခုအကြား သင်ကြားရေးဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အပြန်အလှန်စေလွှတ်ခြင်း၊ ပညာရေးဆွေးနွေးပွဲများနှင့် သုတေသနများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အခြားပညာရပ်ဆိုင်ရာ နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပဲခူးမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ



**ပဲခူး နိုဝင်ဘာ ၉**

ပဲခူးမြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်များ ဝင်ငွေတိုးတက်စေရေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် ပဲခူးမြို့တွင် ဒေသထွက်ကုန်အရောင်းစင်တာအား ဖွင့်လှစ်ပေးထားခဲ့ပြီး ကျန်ရှိသည့် ခရိုင်မြို့ကြီးများတွင်လည်း ထပ်မံဖွင့်လှစ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကမောင်းနှင်အားတစ်ခုဖြစ်ပြီး ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့်အခက်အခဲများကို အခွင့်အလမ်းများအဖြစ် ပြောင်းလဲဖန်တီးနိုင်မှသာ အောင်မြင်မှုကို အရောက်လှမ်းနိုင်မှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်များ ဝင်ငွေတိုးတက်စေရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်းသင်တန်းများမှ ထူးချွန်ကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ထူးချွန်သင်တန်းသား သင်တန်းသူများနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ခင်းကျင်းပြသထားသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်များ ဝင်ငွေတိုးတက်စေရေးစီမံကိန်းဖြင့် အခြေခံစက်ချုပ်နည်းပညာသင်တန်းနှင့် သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းတို့မှ ထူးချွန်သင်တန်းသူ ၁၅ ဦးအား စိစစ်ရွေးချယ်၍ တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှင့် ညီမျှသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဦးမြင့်စိုး မှော်ဘီမြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကင်းမလင်းချောင်းကျေးရွာသို့ ရောက်ရှိပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် အမှတ် (၄) လမ်းမှ ကင်းမလင်းချောင်းကျေးရွာသို့ ဆက်သွယ်သော လမ်းပေ ၁၉၀၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးကာ ကျန်ရှိနေသော လမ်းပိုင်းအား ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး မှာကြားသည်။



ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း VDP ရန်ပုံငွေနှင့် ကျေးရွာလူထုထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးသည်။ အဆိုပါလမ်းသည် အိမ်ခြေ ၁၅၀၊ လူဦးရေ ၇၆၃ ဦး၊ စိုက်ပျိုးမြေ ၁၀၆ ဧကကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျေးရွာခန်းမတွင် ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ လက်ရှိစိုက်ပျိုးနေသော လယ်မြေဧက ၇၀ တွင် အထွက်တိုးစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးကြရေး၊ စိုက်ပျိုးရေးသမဝါယမအသင်းများ ဖွဲ့စည်း၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းတွင် ပါဝင်ဆောင်ရွက်ကြရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ် လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့် သင်တန်းများ ဖွင့်လှစ်ပေးရေး မှာကြားကာ ဒေသခံပြည်သူများ၏ သောက်သုံးရေရရှိရေးနှင့် ကျေးရွာတွင်း လမ်းဖောက်လုပ်ပေးရေး တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မှော်ဘီမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးသည့်မိုးစပါးများ စတင်ရိတ်သိမ်း

**မှော်ဘီ နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လှည်းငုတ်ချောင်းကျေးရွာအုပ်စု တိုးလယ်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မှော်ဘီမြို့နယ်သမဝါယမအသင်းက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရယူဆောင်ရွက်သည့်ဇမ္ဗူအေး စိုက်/ထွေ သမဝါယမအသင်းမှ အသင်းသား ၁၀ ဦး၏စိုက်ဧက ၁၈၉ ဧကကို ယနေ့နံနက် ၉ နာရီက မိုးစပါးများ စတင်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် စပါးတင်း ၇၅ တင်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးစပါးစတင်ရိတ်သိမ်းနေမှုကို သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွေနွေအောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဝင်းဇော်(မှော်ဘီ)**



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းနှင့် Mary Chapman နားမကြားသောကလေးများကျောင်းတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၉**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့်ဒေါက်တာမြင့်သူမြိုင်တို့ ဦးဆောင်သောအဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းနှင့် ဒဂုံမြို့နယ်ရှိ Mary Chapman နားမကြားသောကလေးများကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ သင်တန်းကျောင်းများတွင် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာကျွေးမွေးမှု အခြေအနေ၊ အိပ်ဆောင်များထားရှိမှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြုစုစောင့်ရှောက်ပေးမှုနှင့် ပညာသင်ကြားခွင့်၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့်ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် စသည့် အခြေခံလူ့အခွင့်အရေးများရရှိစေရန် ဆောင်ရွက်ပေးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။



အဆိုပါအဖွဲ့၏ကြည့်ရှုစစ်ဆေးရေး ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလိုဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ပေးပို့သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မအူပင်မြို့၌ ဆောင်းသီးနှံအာမခံဆောင်ရွက်ရေး ရှင်းလင်းဆွေးနွေး

**မအူပင် နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာနှင့် မြန်မာ့အာမခံလုပ်ငန်းတို့မှ တိုင်းတာဝန်ခံတို့သည် ဆောင်းသီးနှံအာမခံ ဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီ က မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုသို့ဆွေးနွေးရာတွင် တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးအေးသိန်းနှင့် မြန်မာ့အာမခံလုပ်ငန်းမှ တိုင်းတာဝန်ခံ ဒေါ်ခင်ထွေးမေတို့က သီးနှံအာမခံလုပ်ငန်းဆိုင်ရာများအား ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး ပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဖြေကြားခဲ့သည်။ ဆွေးနွေးပွဲအခမ်းအနားသို့ မအူပင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်တို့မှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ်မှ စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီဝင်များနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကော်မတီဝင်များ စုစုပေါင်း ၈၅ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကမ္ဘာကြီးသာယာဝပြောရေးနှင့် တည်ငြိမ်ရေးအတွက် တရုတ်-ရုရှား ပူးပေါင်းဆောင်ရွက်မည်

**မော်စကို နိုဝင်ဘာ ၉**

တရုတ်-ရုရှား နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းရေး၊ ဒေသတွင်းနှင့် ကမ္ဘာကြီး၏ သာယာဝပြောရေး၊ တည်ငြိမ်ရေးတို့အတွက် ရုရှားနိုင်ငံနှင့် လက်တွဲကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် နိုဝင်ဘာ ၈ ရက်၌ မော်စကိုမြို့တွင် တွေ့ဆုံစဉ် တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ Zhang Youxiaက ပြောကြားသည်။

မိမိတို့နှစ်နိုင်ငံ၏ မိတ်ဆွေအဖြစ် တည်ရှိနေမှုသည် ဒေသတွင်းနှင့် ကမ္ဘာကြီး၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့အတွက် အထောက်အကူပြုကြောင်း ပူတင်က မှတ်ချက်ပြုပြောကြားသည်။ တရုတ်-ရုရှားနှစ်နိုင်ငံအကြား ပြီးခဲ့သည့်နှစ်များအတွင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ကူးလူးဆက်ဆံရေးများတွင် တိုးတက်မှုများရရှိခဲ့ပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ BRICS နှင့် ကုလသမဂ္ဂတို့မှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း ပူတင်က ထပ်လောင်းပြောကြားသည်။ ထို့ပြင် မိမိတို့နှစ်နိုင်ငံအကြား တပ်မတော်များအချင်းချင်း နယ်ပယ်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပြီး ထိုပူးပေါင်းဆောင်ရွက်မှုများမှ အောင်မြင်မှုများရရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။ .



တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့ကြား ချစ်ကြည်ရင်းနှီးမှုသည် အချိန်နှင့်အမျှ စဉ်ဆက်မပြတ်တိုးတက်ခိုင်မာလာကြောင်း Zhang က မှတ်ချက်ပြုခဲ့သည်။ ယခုနှစ်တွင် နှစ်နိုင်ငံခေါင်းဆောင်များသည် အောင်မြင်သောတွေ့ဆုံမှုကို နှစ်ကြိမ်ပြုလုပ်ခဲ့ပြီး အရေးကြီးသော သဘောတူညီမှုများ ဆက်တိုက်ရရှိကာ တရုတ်-ရုရှား ဆက်ဆံရေးအတွက် အသေးစိတ်ပုံစံသစ်ကို ရေးဆွဲခဲ့ကြောင်း သိရသည်။

တရုတ်-ရုရှားတပ်မတော်နှစ်ရပ်ကြား ခိုင်မာသော ဆက်ဆံရေးသည် တရုတ်-ရုရှား ဆက်ဆံရေး၏ အရေးကြီးသော သင်္ကေတတစ်ခုဖြစ်ကြောင်းနှင့် မကြာသေးမီနှစ်များအတွင်း တရုတ်-ရုရှား စစ်ဘက်ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်ဖြင့် ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် နှစ်နိုင်ငံခေါင်းဆောင်များအကြားရရှိခဲ့သည့် အရေးကြီးသော သဘောတူညီမှုကို အကောင်အထည်ဖော်ရန်၊ နှစ်နိုင်ငံ တပ်မတော်များအကြား လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန်၊ နှစ်နိုင်ငံလုံး၏ အကျိုးစီးပွားကို ပူးပေါင်းကာကွယ်ရန်နှင့် ကမ္ဘာကြီးနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးကို ကာကွယ်ရန်အတွက် ရုရှားနိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း Zhang က ထပ်လောင်းပြောကြားသည်။

**ကိုးကား - စီဂျီတီအင်န်၊ ဘာသာပြန် - စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံ၌ လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပ

**ဖနောင်ပင် နိုဝင်ဘာ ၉**

ကမ္ဘောဒီးယားနိုင်ငံ လွတ်လပ်ရေးရရှိသည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၉ ရက်က မြို့တော်ဖနောင်ပင်တွင် ကျင်းပခဲ့ရာ နိုင်ငံ၏ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် စည်းလုံးညီညွတ်စွာ နေထိုင်သွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယား နိုင်ငံသားများက ကတိပြုခဲ့သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားကို နိုင်ငံ၏ဘုရင် နိုရိုဒွန်ဆီဟာမိုနီ ဦးဆောင်၍ကျင်းပခဲ့ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ခွန်ဆူဒရီ၊ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆေချွန်နှင့် ဝန်ကြီးချုပ် ဟွန်မာနက်တို့ တက်ရောက်ခဲ့သည်။



အဆိုပါ အခမ်းအနားတွင် ဘုရင်ဆီဟာမိုနီက လွမ်းသူ့ ပန်းခွေချကာ လွတ်လပ်ရေး ကျောက်တိုင်၌ အောင်ပွဲခံမီးတိုင်ကို ထွန်းညှိ၍ ပြင်သစ်ကိုလိုနီ လက်အောက်မှ လွတ်မြောက်ပြီး ကမ္ဘောဒီးယားနိုင်ငံ လွတ်လပ်ရေး ရရှိခဲ့ခြင်းကို ဂုဏ်ပြုခဲ့သည်။

လွတ်လပ်ရေး ကျောက်တိုင်တွင် အခမ်းအနားကျင်းပပြီးနောက် ဘုရင်နှင့် ဝန်ကြီးချုပ်တို့သည် တော်ဝင်နန်းတော် ရှေ့ဘက်သို့ မော်တော်ယာဉ်များဖြင့် ချီတက်ခဲ့ကြပြီး လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စုဝေးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ နိုင်ငံရေးတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအားလုံးတွင် အောင်မြင်မှုများ အပြည့်အဝခံစားနေရချိန် လက်ရှိ၌ လွတ်လပ်ရေးနေ့ အခမ်းအနားကို ကျင်းပခဲ့ကြောင်း ဆီဟာမိုနီက ပြောကြားခဲ့သည်။

"ဒီလိုထူးခြားတဲ့ အခါသမယမှာ အလွှာပေါင်းစုံက ကမ္ဘောဒီးယားနိုင်ငံသားတွေကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ခေါင်မိုးအောက်မှာ တညီတညွတ်တည်း စည်းစည်းလုံးလုံးနဲ့ အမိမြေကို ကာကွယ် တည်ဆောက်ကြဖို့ တိုက်တွန်းလိုပါတယ်" ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည်ရာစုနှစ်တစ်ခုနီးပါး ပြင်သစ်နိုင်ငံ၏ ကိုလိုနီပြုခံရပြီးနောက် လက်ရှိဘုရင်၏ ခမည်းတော် နိုရိုဒွန်သီဟာနု လက်ထက်တွင် ၁၉၅၃ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့၌ ကမ္ဘောဒီးယားနိုင်ငံ လွတ်လပ်ရေး ရရှိခဲ့သည်။

"ကမ္ဘောဒီးယားဘုရင် နိုရိုဒွန်ဆီဟာမိုနီရဲ့ ဦးဆောင်မှုအောက်မှာ စည်းလုံးညီညွတ်စွာနဲ့ တိုင်းပြည်ရဲ့ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ကာကွယ်စောင့်ရှောက်ဖို့ ကတိပြုပါတယ်" ဟု ဝန်ကြီးချုပ် ဟွန်မာနက်က ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားအပြီးတွင် လွတ်လပ်ရေးနှင့် လွတ်လပ်မှု၏ သင်္ကေတအဖြစ် ခိုငှက်များနှင့် မီးပုံးပျံများကို လွှတ်တင်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ဗီယက်နမ်နိုင်ငံ၌ အောက်တိုဘာ ၃၁ ရက်အထိ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၅၆ ဦးတွေ့ရှိ

**ဟနွိုင်း နိုဝင်ဘာ ၉**

ဗီယက်နမ်နိုင်ငံ၌ အောက်တိုဘာ ၃၁ ရက်အထိ ပြည်နယ်နှင့် မြို့ကြီး ခုနစ်ခုတွင် မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၅၆ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးသတင်းထုတ်ပြန်ချက်အရ သိရသည်။

ရောဂါကူးစက်ခံရသူ ၆၃ ရာခိုင်နှုန်းခန့်သည် ခုခံအားကျဆင်းသည့်(HIV) ရောဂါရှိကြောင်း စစ်ဆေးတွေ့ရှိရကြောင်း ဒေသတွင်းမီဒီယာများက နိုဝင်ဘာ ၉ ရက်တွင် သတင်းဖော်ပြသည်။ အဆိုပါရောဂါ ကူးစက်ခံရသူများအနက် နှစ်ဦးသည် ပြည်ပနိုင်ငံများမှ ဖြစ်သည်။

ဟိုချီမင်းမြို့ တောင်ပိုင်းတွင်သာမက အခြားမြို့ကြီးများတွင်လည်း မျောက်ကျောက်ရောဂါကူးစက်ခံရသူများ ဆက်လက် စစ်ဆေးတွေ့ရှိနိုင်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။

ရောဂါကူးစက်မှုကို စောစီးစွာသိရှိနိုင်စေရန်နှင့် ကုသမှုဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ရန် ကျန်းမာရေးစောင့်ရှောက်မှုဌာနများ၊ နယ်စပ်များနှင့် ရပ်ရွာများရှိ ဒေသန္တရ ကျန်းမာရေးစောင့်ရှောက်မှု အေဂျင်စီများကို ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားထားသည်။




ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်သည့် နည်းလမ်းများ ချမှတ်လုပ်ဆောင်ရန် ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းလျက်ရှိသည်။

ပြီးခဲ့သည့်လက ဗီယက်နမ်နိုင်ငံတောင်ပိုင်း လောင်အန်ပြည်နယ်မှ အသက် ၂၉ နှစ်အရွယ် အမျိုးသားတစ်ဦးသည် မျောက်ကျောက်ရောဂါ ကူးစက်မှုကြောင့် သေဆုံးခဲ့သည်။ အဆိုပါသေဆုံးမှုသည် နိုင်ငံအတွင်း မျောက်ကျောက်ရောဂါကြောင့် ပထမဆုံးသေဆုံးမှုဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂါဇာကမ်းမြောင်၌ တိုက်ပွဲများ လူသားချင်းစာနာထောက်ထားမှုအဖြစ် သုံးရက်ကြာ ရပ်ဆိုင်းထားရန်နှင့် ဓားစာခံများ ပြန်လွှတ်ပေးရေး ဆွေးနွေး

**ဂျေရုဆလင် နိုဝင်ဘာ ၉**

အစ္စရေးက ဂါဇာကမ်းမြောင်ရှိ တိုက်ပွဲများကို လူသားချင်းစာနာထောက်ထားမှုအဖြစ် သုံးရက်ကြာ ရပ်ဆိုင်းထားရန်နှင့် ဟားမတ်စ်တို့ ဖမ်းဆီးထားသည့် ဓားစာခံများကို ပြန်လွှတ်ပေးရေးအတွက် ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဟားမတ်စ်တို့ တည်ဆောက်ထားသည့် မြေအောက်ဥမင်လိုဏ်ခေါင်းပေါင်း ၁၃၀ ကို ဖျက်ဆီးပစ်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က နိုဝင်ဘာ ၈ ရက်တွင် ပြောကြားသည်။

"ဟားမတ်စ်တို့ ထိန်းချုပ်ထားတဲ့နယ်မြေတွေ ဆုံးရှုံးနေပါတယ်"ဟု အစ္စရေးတပ်မတော်မှ ပြောရေးဆိုခွင့်ရှိသူ ရေတပ်ဗိုလ်ချုပ် ဒယ်နီရယ် ဟာဂါရီက နိုဝင်ဘာ ၈ ရက်တွင်ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အပစ်အခတ်ရပ်စဲရေး လုပ်ဆောင်မည်မဟုတ်သော်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သုံးရက်ကြာ ယာယီရပ်ဆိုင်းရန် ခွင့်ပြုထားကြောင်း ဒယ်နီရယ် ဟာဂါရီက ထပ်လောင်းပြောကြားသည်။

တိုက်ပွဲများကို လူသားချင်းစာနာထောက်ထားမှုအဖြစ်ရပ်ဆိုင်းပြီး ဓားစာခံအချို့ကိုလွှတ်ပေးရန် ဟားမတ်စ်တို့က မကြာမီသဘောတူညီနိုင်ဖွယ်ရှိသည်ဟု မျှော်လင့်ထားကြောင်း အစ္စရေးမီဒီယာအချို့က သတင်းဖော်ပြသည်။ ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးက သုံးရက်ကြာ တိုက်ခိုက်မှုတွေ ရပ်ဆိုင်းထားရန်နှင့် ဟားမတ်စ်က ဓားစာခံ ၁၅ ဦးကို ပြန်လွှတ်ပေးရန် ဆွေးနွေးလျက်ရှိကြောင်း သည်နယူးယောက်တိုင်းမ် သတင်းစာက သတင်းဖော်ပြသည်။

အပစ်အခတ်ရပ်စဲရေး အခြေအနေများ တိကျမှန်ကန်မှုရှိမည် ဆိုပါက အစ္စရေးအရပ်သားများနှင့် နိုင်ငံခြားသားများကို ပြန်လွှတ်ပေးမည်ဟု ဟားမတ်စ်အဖွဲ့၏ အကြီးတန်းအရာရှိတစ်ဦးက နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ဓားစာခံများပြန်လွှတ်ပေးရေးသည် အစ္စရေးတပ်ဖွဲ့၏ လုပ်ဆောင်ချက်များအပေါ်သာ မူတည်ပါကြောင်း ၎င်းက ပြောကြားသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ဆုကြေးငွေနှင့် ထောက်ပံ့ငွေများ ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့တွင် ပြစ်မှုကျူးလွန်ခြင်း မရှိသော PDF အဖွဲ့မှ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်း မရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား ခုနစ်ဦးသည် ၎င်းတို့နှင့်အတူ ပါလာသည့် ကာဘိုင် တစ်လက်၊ ၎င်းကျည် ၁၀ တောင့်၊ M–22 တစ်လက်နှင့် ၎င်းကျည် ငါးတောင့်တို့ကို အပ်နှံရာ တိုင်းမှူးက လက်ခံရယူခဲ့သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်ပါရှိသူ နှစ်ဦးအတွက် သေနတ်တစ်လက်လျှင် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် သေနတ်နှစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၁၀၀ နှင့် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ငါးသိန်းစီ ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက လက်ခံရယူပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။




ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လက်နက်/ ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်လျက်ရှိခြင်းနှင့် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# PDF အမည်ခံအကြမ်းဖက်သမားများက ရွှေဘိုမြို့နယ် မြင်းချင်းကျေးရွာရှိ မင်္ဂလာဆောင်ပွဲနှင့် သီးလုံးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းမှ ဆွမ်းကျွေးအလှူပွဲကို Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်



PDF အမည်ခံအကြမ်းဖက်သမားများက မြင်းချင်းကျေးရွာရှိ မင်္ဂလာဆောင်ကို Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ။



PDF အမည်ခံအကြမ်းဖက်သမားများက သီးလုံးကျေးရွာရှိ ဆွမ်းကျွေးအလှူပွဲကို Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ။

နေပြည်တော် နိုဝင်ဘာ ၉

PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် ၎င်းတို့အဖွဲ့အား ထောက်ခံအားပေးမှုမရှိသည့် မြို့နယ်များအတွင်း စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့အရပ်သား ပြည်သူများသွားလာရာ လမ်းတံတားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ နေထိုင်ရာ ရပ်ကွက်၊ ကျေးရွာများသို့ လက်နက်ကြီး၊ Drop Bomp များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် နေအိမ်များအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မြင်းချင်းကျေးရွာရှိ ဦးစိုးပိုင်၏ နေအိမ်၌ နိုဝင်ဘာ ၈ ရက်တွင် မင်္ဂလာဆောင်ပွဲပြုလုပ်နေစဉ် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာ၏ မြောက်ဘက်မှနေ၍ Drone များ အသုံးပြုကာ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ရာ ဗုံးသီးကျရောက်ပေါက်ကွဲမှုကြောင့် မင်္ဂလာဆောင်သို့ ရောက်နေသည့် အပြစ်မဲ့ ဒေသခံပြည်သူ အမျိုးသားတစ်ဦး သေဆုံးပြီး အသက် ၁၀ လအရွယ် ကလေးငယ်တစ်ဦး အပါအဝင် စုစုပေါင်း ၁၆ ဦး ဗုံးစထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အလားတူ ရွှေဘိုမြို့နယ် သီးလုံးကျေးရွာရှိ မင်းကြီးဘုန်းတော်ကြီးကျောင်းတိုက်၌ နံနက် ၁၀ နာရီခန့်တွင် ဆွမ်းကျွေးပြုလုပ်နေစဉ် PDF အမည်ခံအကြမ်းဖက်သမားများက Drone များအသုံးပြု၍ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ရာ ဗုံးသီးများ ကျရောက်ပေါက်ကွဲမှုကြောင့် ဆွမ်းကျွေးအလှူပွဲသို့ ရောက်ရှိနေသည့် သံဃာတော် တစ်ပါးနှင့် အမျိုးသမီးတစ်ဦးတို့ ဗုံးစထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ဒဏ်ရာရရှိခဲ့သူများအား ရွှေဘိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးနှင့် နယ်မြေလုံခြုံရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Win Thandar” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်နေ ဝင်းသန္တာထွန်းအား နံနက် ၁၁ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Hlaing Phone Myint” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ လှိုင်ဘုန်းမြင့်အား မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ “Moh Moh” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်နေ မို့မို့မြင့် အား မွန်းလွဲ ၃ နာရီတွင်လည်းကောင်း၊ “Wai Lin Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမှတ်(၃)ရပ်ကွက်နေ ဝေလင်းစိုး(ခ) သံဖြတ်အား မွန်းလွဲ ၃ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Acharya Kancho” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက်နေ ဂိုလ်ကူးလ် (ခ) ခင်မောင်ထွန်းအား ညနေ ၅ နာရီတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် တိုင်းရင်းသားလူငယ်များအတွက် အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲ တက်ရောက်



**စစ်တွေ နိုဝင်ဘာ ၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပသော ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားလူငယ်များအတွက် အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲသို့ တက်ရောက်ကြပြီး စစ်တွေမြို့ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက အစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ အခြေခံကွန်ပျူတာသင်တန်းဖွင့်ရခြင်း အကြောင်းရင်းအနေဖြင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ရခိုင်ပြည်နယ်ညွှန်ကြားရေးမှူးရုံးက ၂၀၁၈-၂၀၁၉ မှစ၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ ရခိုင်ပြည်နယ်ရှိ မြို့နယ်များတွင် တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ စစ်တမ်းများနှင့် ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းလိုအပ်ချက်များ ဆန်းစစ်စီမံခြင်းစစ်တမ်း ၁၂ ကြိမ် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ စစ်တမ်းများ၏ သုတေသနအစီရင်ခံစာများအရ အဆိုပြုသည့်သင်တန်းဖြစ်သဖြင့် ရခိုင်ပြည်နယ်အစိုးရ၏ ရန်ပုံငွေဖြင့် ဖွင့်လှစ်ပေးသည်မှာ ဒုတိယအကြိမ်ဖြစ်ကြောင်း၊ တိုင်းရင်းသားများအဆိုပြုသည့် အခြားအသက်မွေးဝမ်းကျောင်းပညာသင်တန်းများကို သက်ဆိုင်ရာဌာနများက ဖွင့်လှစ်သည့် သင်တန်းများသို့ တိုင်းရင်းသားလူငယ်များကို စေလွှတ်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်သူများကို ဆုများပေးအပ်ချီးမြှင့်ကြပြီး ရခိုင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးတင်လှက သင်တန်းတွင် သင်ကြားပို့ချခဲ့သည့် သင်တန်းနည်းပြများအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ရာ သင်တန်းနည်းပြများကိုယ်စား ဆရာမတစ်ဦးက လက်ခံသည်။ ဆက်လက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်သူဇော်နှင့် ကွန်ပျူတာတက္ကသိုလ် (စစ်တွေ) ဒုတိယပါမောက္ခချုပ် ဒေါက်တာဇော်ထွန်းတို့က သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ကြပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုင်းရင်းသားလူငယ်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

**ပေါင်းစပ်ဆောင်ရွက်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့ရှိ ဦးဥတ္တမပန်းခြံအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေကို လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် မိုခါမုန်တိုင်းကြောင့်ပျက်စီးခဲ့သည့် ဦးဥတ္တမခန်းမအား ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စံချိန်စံညွှန်းအရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းအားလုံးပြီးစီးရေး၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ရေး စသည်တို့ကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ရှုပမြောက်ရပ်ကွက်ရှိ ယာယီအားကစားကွင်း ဆောက်လုပ်နေမှု၊ မြို့သူကြီးရပ်ကွက်ရှိ ယာယီအားကစားကွင်း ဆောက်လုပ်နေမှု၊ ပေါ်ထွန်းအောင်ပန်းခြံ ကလေးကစားကွင်း၊ စစ်တွေမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ယာယီအားကစားကွင်း ဆောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သာယာဝတီမြို့၌ မြစ်မခမြစ်သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်

**သာယာဝတီ နိုဝင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်ငါးလုပ်ငန်းဦးစီးဌာနက သာယာဝတီမြို့ ဖိုးခေါင်-စံရွှေး ဆက်သွယ်ထားသော မြစ်မခမြစ်ကူးတံတားအနီးရှိ မြစ်မခမြစ် သဘာဝရေပြင်အတွင်းသို့ ယနေ့နံနက် ၉ နာရီက ငါးမြစ်ချင်းနှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၁၀၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ကြသည်။



အဆိုပါ အခမ်းအနားသို့ သာယာဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဒုတိယရဲမှူးကြီးဥာဏနှင့်အဖွဲ့ဝင်များ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦး၊ ခရိုင်ငါးမျိုးစိုက်ထည့်ခြင်းကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်းနှင့် ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အုတ်ဖိုစခန်းတာဝန်ခံ ဒေါ်မိုးသီတာနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်၍ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၅၀၀၀၀ ၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀ ကို မြစ်မခမြစ် သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ပုသိမ်မြို့၌ သဘာဝဘေးအန္တရာယ်ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးပညာပေးအခမ်းအနား ကျင်းပ

**ပုသိမ် နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ သဘာဝဘေးအန္တရာယ်ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ပညာပေးအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ပုသိမ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပုသိမ်ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်သူရက စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးရေးအစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် မီးဘေး၊ သဘာဝဘေးနှင့်ရင်ဆိုင်ကြုံတွေ့လာပါက လိုက်နာနေထိုင်ပြုမူဆောင်ရွက်ရမည့်နည်းလမ်းများ၊ သဘာဝဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာ အသိပညာဗဟုသုတများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခေတ်မီမီးငြှိမ်းသတ်ရေးယာဉ်၊ စက်များနှင့် ခေတ်မီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး အထောက်အကူပြုပစ္စည်းများကို လက်တွေ့ကိုယ်တိုင်လေ့လာကြည့်ရှုနိုင်ရန် ခင်းကျင်းပြသထားသည့်အပြင် စိတ်ဝင်စားဖွယ်မီးဘေးဂိမ်းကစားနည်းများဖြစ်ကြသည့် သတ်မှတ်ထားသောပစ်မှတ်ဆီသို့ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ရသောကစားနည်း၊ မီးလောင်/မီးငြှိမ်းသတ်ရေးကတ်များကို အသုံးပြု၍ကစားနည်း၊ စောင်ကိုအသုံးပြု၍ လူနာသယ်ဆောင်ကစားနည်း၊ အိမ်၌ရှိသောပစ္စည်းများနှင့် ရှေးဦးသူနာပြုစုရမည့် ကစားနည်း၊ ရေသန့်ဘူးအသုံးပြု၍ အသက်ကယ်အင်္ကျီပြုလုပ်ကစားနည်း၊ သဘာဝဘေးအန္တရာယ်များကျရောက်သည့်အခါ ယူဆောင်သွားရမည့်ပစ္စည်းများကို စဉ်းစားတတ်စေရန်ကစားနည်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကတ်အသုံးပြု၍ ဉာဏ်စမ်းကစားနည်း၊ ကလေးများလွယ်ကူစွာနားလည်နိုင်သော ရုပ်ပုံများကို အဆင့်လိုက်ဆက်သောကစားနည်း၊ ကြိုးကလေးပုံပြင်စသည့် ကစားနည်းများကို ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ ပါဝင်ကစားကြကြောင်း၊ ထူးချွန်စွာကစားနိုင်ခဲ့သော ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်းနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်လျှော့ချရေးပညာပေးအစီအစဉ်များကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စာသင်ကျောင်းများတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာ၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**ကျောက်တော် နိုဝင်ဘာ ၉**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၌ မိုးစပါးတစ်ဧကအထွက်နှုန်း ပိုမိုထွက်ရှိနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက မိုးစပါး သုည ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းပွဲကို အပေါက်ဝကျေးရွာ တောင်သူ ဦးမောင်နီ၏ လယ်မြေတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ကျောက်တော်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စိုက်/တိုးမြှင့်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးနည်းပညာပေးဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

တောင်သူ ဦးမောင်နီ စိုက်ပျိုးထားရှိသည့် လယ်မြေ ၁၅ ဧကတွင် စိုက်ပျိုးထားရှိသည့် GW-11 စပါးမျိုးကွဲအား စံကွက်ရိတ်သိမ်းခြင်းဖြစ်ကာ အထွက်နှုန်းအနေဖြင့် အစိုထွက်နှုန်း ၁၄၄ ဒသမ ၈၂ တင်း နှင့် အခြောက်ထွက်နှုန်း ၁၃၀ ဒသမ ၄၃ တင်းထွက်ရှိခဲ့သည်။ မြို့နယ်၏ မိုးစပါးအထွက်နှုန်း ပိုမိုတိုးတက်လာစေရေးအတွက် မျိုးကောင်းမျိုးသန့်သုံးစွဲနိုင်ရေး၊ စိုက်စနစ်မှန်ကန်စေရေးနှင့် အပင်ပြုစုခြင်းဆိုင်ရာ နည်းစနစ်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများကိုရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တန့်ယန်းမြို့နယ်၌ ရွှေမောင်းအောင်ကမ္ဘာ ဘိုးဘွားရိပ်သာလမ်းအား ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်

**တန့်ယန်း နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ ရွှေမောင်းအောင်ကမ္ဘာ ဘိုးဘွားရိပ်သာလမ်းအား နယ်စပ်ဒေသတောင်တန်းသာသနာပြု ရွှေမောင်းသီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ဥပ္ပလထေရီဦးစီးလျက် တပည့်ဒါယကာ ဒါယိကာမများနှင့် အလှူရှင်များက ကိုယ့်အားကိုယ်ကိုးလမ်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်းအား ကိုယ့်အားကိုယ်ကိုးလမ်းအဖြစ် ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ ကတ္တရာ ၇ ဒသမ ၉၅ တန် ကူညီထောက်ပံ့မှုဖြင့် အရှည်ပေ ၁၅၀၀ ၊ အကျယ် ၁၂ ပေ၊ ၃ ကိုး



လက်မအား မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းဆိုင်ဟန်ဖနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

# ဟိုပုံးမြို့နယ်၌ မြန်မာနိုင်ငံလုံးဆိုင်ရာ တတိယအကြိမ်မြောက် နာဂပုရသာမဏေကျော်စာမေးပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ဟိုပုံး နိုဝင်ဘာ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ နာဂပုရ သာသနာလင်္ကာရအသင်းကြီးက ကြီးမှူး၍ မြန်မာနိုင်ငံလုံးဆိုင်ရာ တတိယအကြိမ်မြောက် နာဂပုရသာမဏေကျော်စာမေးပွဲကြီး အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက နောင်တောင်းပရဟိတတပ်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပသည်။

အစည်းအဝေးကို နမောတဿသုံးကြိမ်ရွတ်ဆို၍ဖွင့်လှစ်ပြီးနောက် ဆရာတော်၊ သံဃာတော်များ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်တာဝန်ရှိသူများက နာဂပုရသာမဏေကျော်စာမေးပွဲတွင် စာဖြေရန်ကြွရောက်လာကြမည့် ရဟန်း၊ သာမဏေ၊ သီလရှင်တို့ကို နောင်တောင်းပရဟိတတပ်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဒက္ခိဏာရာမ ဘန့်ကွန်းကျောင်းတိုက်၊ ဖာလှိုင်ဗွေလွန်းကျောင်းတိုက်၊ သာသနာလင်္ကာရကျောင်းတိုက်နှင့် လုမ္ဗိနီကျောင်းတိုက်တို့တွင် နေရာချထားပေးမည့် အခြေအနေများ၊ ဆွမ်း၊ ခဲဖွယ်များချက်ပြုတ် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ဝေယျာဝစ္စနှင့် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လျှပ်စစ်မီး၊ ရေ၊ ဘဏ္ဍာငွေသုံးစွဲမှုအခြေအနေများ၊ အခမ်းအနားပြင်ဆင်နေမှုအခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်ပေးမည့် အခြေအနေများ၊ လုံခြုံရေးဆောင်ရွက်ထားရှိမည့် အခြေအနေများ၊ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် စီစဉ်ဆောင်ရွက်မည့် အစီအမံများ၊ ဆရာတော်၊ သံဃာတော်များအား ကြိုဆိုရေးယာဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု၊ ပြင်ဆင်နေဆဲလုပ်ငန်းများနှင့် ကျန်ရှိသည့် လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါနာဂပုရသာမဏေကျော်စာမေးပွဲကြီးကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ရက်၊ နိုဝင်ဘာ ၁၃ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုန်းတော်ကြီးကျောင်းများမှ မူလတန်းအဆင့် ရဟန်း ၁၆ ပါး၊ သာမဏေ ၃၄၆ ပါး၊ သီလရှင် ၁၆ ပါး၊ ပထမဆင့် ရဟန်း ၂၃၆ ပါး၊ သာမဏေ အပါး၇၈၀၊ သီလရှင် ၁၅၃ ပါး၊ ဒုတိယအဆင့် ရဟန်း ၁၀၁ ပါး၊ သာမဏေ ၁၉၉ ပါး၊ သီလရှင် အပါး ၁၁၀၊ တတိယအဆင့် ၁၉၂ ပါး၊ သာမဏေ အပါး ၉၀ နှင့် သီလရှင် ၈၆ ပါး စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင် ၂၃၂၅ ပါး ဝင်ရောက်ဖြေဆိုမည်ဖြစ်ပြီး စာအောင်ဘွဲ့နှင်းသဘင်အခမ်း အနားကို တန်ဆောင်မုန်း လဆန်း ၆ ရက် နိုဝင်ဘာ ၁၈ရက်နတွင်ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့်အတူ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## လူငယ်ရေးရာ



### သထုံမြို့နယ်၌ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေး

သထုံ နိုဝင်ဘာ ၉

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ယနေ့မွန်းလွဲပိုင်းက သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ (နတ်ကျွန်း)အခြေခံပညာ မူလတန်းလွန်ကျောင်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရာတွင် (နတ်ကျွန်း) မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိင်္ဂီစိုးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုကြရေး၊ ကျောင်းစာကိုကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည် ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### ကျိုက်ထိုမြို့အထက (၁) ၌ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းပြုလုပ်



ကျိုက်ထို နိုဝင်ဘာ ၉

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံပညာဦးစီးဌာနနှင့် စာပေချစ်သူများအသင်းတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီခွဲက ကျိုက်ထိုမြို့ အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်းရာပြည့်ခန်းမ၌ ကျင်းပသည်။

ဦးစွာ စာပေချစ်သူများအသင်း (Book Club) အဖွဲ့ဝင် ဦးလှထွန်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က လူငယ်စကားဝိုင်း ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက လူ့တန်ဖိုး၊ လူငယ်နှင့်အောင်မြင်မှု၊ လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အထက်တန်းပြဆရာမ ဒေါ်မို့မို့ဆန်းက လူငယ်စကားဝိုင်း လာရောက်ပြုလုပ်ပေးရခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များ၊ စာအုပ်စာစောင်များကို ခင်းကျင်းပြသထားရာ လူငယ်စကားဝိုင်း ဆွေးနွေးပွဲသို့ တက်ရောက် လာကြသူများက ကြည့်ရှုလေ့လာ မှတ်သားခဲ့ကြကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

### ဒလမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ




ဒလ နိုဝင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ကုမုဒြာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးရွှေလှိုင်က အဖွင့်အမှာစကားပြောကြားသည်။ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဒလမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်တက်လမ်း၊ လူငယ်နှင့်ဝါသနာ စသည့်ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက ခေါင်းစဉ်အလိုက် သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ဦးဆောင်ဆွေးနွေးခဲ့သော ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

အဆိုပါလူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူများကို အမှတ်တရ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များ၊ သုတ၊ရသ စာအုပ်စာစောင်များကိုတက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြသည်။

**မြို့နယ်(ပြန်ဆက်)**

### ကျိုက်မရောမြို့နယ်၌ လူငယ်အသိပညာပေးဟောပြောပွဲ ကျင်းပ



ကျိုက်မရော နိုဝင်ဘာ ၉

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အထက(ခွဲ) ကျိုက်မရော ကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျိုက်မရောမြို့နယ် ဒုတိယပညာရေးမှူး ဦးဉာဏ်လင်းက အဖွင့်အမှာစကားပြောကြားပြီး အထက (ခွဲ)ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ မိုးသန္တာထွန်းက လူငယ်နှင့် ပညာရေးခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်ပေါ်လာစေရန်အတွက် စာဖတ်ခြင်း၏ အကျိုးကျေးဇူး၊ မူးယစ်ဆေးဝါးသုံးစွဲမှု၏ ဆိုးကျိုးများနှင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာများ စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးနိုင်လင်းထက်က စားသုံးသူအခွင့်အရေးနှင့် သက်တမ်းလွန်စားသောက်ကုန်များ၏ အန္တရာယ်များအကြောင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကိုကိုဝင်းက လူငယ်နှင့် အားကစား လေ့ကျင့်ခန်းများ အကြောင်းကိုသရုပ်ပြဟောပြောခဲ့ကြသည်။

**ဖတ်ရှုလေ့လာ**

ဆက်လက်၍ အသိပညာပေး နံရံကပ်စာစောင်များကို ပြသပေးခဲ့ရာ ကျောင်းသား ကျောင်းသူများက ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ချောင်းဆုံ နိုဝင်ဘာ ၉**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် မြို့နယ်အဆင့် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများကို ပြုလုပ်လျက်ရှိရာ နိုဝင်ဘာ ၉ ရက် ညနေပိုင်းက မြို့နယ်ပညာရေးမှူးဖလား အသက် (၁၈) နှစ်အောက်



အမျိုးသား/အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ကျင်းပသည်။

အဆိုပါ မြို့နယ်ပညာရေးမှူးဖလား အမျိုးသားဘောလုံးပြိုင်ပွဲတွင် အခြေခံပညာကျောင်း ဇုန်ခြောက်ဇုန်မှ အမျိုးသားအသင်း ခြောက်သင်းနှင့် အမျိုးသမီးအသင်း ခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အမျိုးသားဘောလုံးပြိုင်ပွဲတွင် ကမာကေးဇုန်အသင်းက ပထမ၊ ကညွှော်ဇုန်အသင်းက ဒုတိယနှင့် အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ချောင်းဆုံဇုန်အသင်းက ပထမ၊ ရွာလွတ်ဇုန်အသင်းက ဒုတိယတို့ရရှိခဲ့ကြပြီး တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးကြသည်။

မြို့နယ်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၃ ရက်မှ ၉ ရက်အထိ ခုနစ်ရက်ကြာ ကျင်းပခဲ့ကြောင်း၊ မြို့နယ်အဆင့် ကျောင်းပေါင်းစုံ ဘော်လီဘော၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်းနှင့် ဘတ်စကက်ဘော စသည့် အားကစားပြိုင်ပွဲများကိုလည်း ပြုလုပ်ကာ ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြိတ်မြို့၌ ခရိုင်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား အမျိုးသမီး အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မြိတ် နိုဝင်ဘာ ၉**

တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့၌ ခရိုင်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၇ ရက်က မြို့မအားကစားကွင်း၌ ကျင်းပသည်။



အားကစားပြိုင်ပွဲများအဖြစ် အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်၊ ဘောလုံး၊ပိုက်ကျော်ခြင်း၊ ဘော်လီဘောပြိုင်ပွဲများကို နိုဝင်ဘာ ၆ ရက်မှ ၇ရက်အထိ မြို့မအားကစားကွင်းနှင့် ခရိုင် အားကစားခန်းမတို့၌ ပြိုင်ပွဲအမျိုးအစားများအလိုက် ကျင်းပကြပြီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မြိတ်မြို့နယ်အသင်းနှင့် ကျွန်းစုမြို့နယ်အသင်းတို့ယှဉ်ပြိုင်ကြရာ မြိတ်မြို့နယ်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**ပေးအပ်ချီးမြှင့်**

ပြိုင်ပွဲများကိုအားကစားဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။ ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို မြို့မ အားကစားကွင်းတွင် ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားများအလိုက် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသော အသင်းများနှင့် အားကစားသမားများအား လည်ဆွဲ ဆုများနှင့် ငွေသားဆုများကို မြိတ်ခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးညဏ်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက် )**

## ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ ကလေးသူငယ်များအား သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်တွင် ကလေးသူငယ်များအား သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး (Kaeru Caravan) ဆောင်ရွက်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက (၁၈)ရပ်ကွက် စည်ပင်လမ်းရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းနိုင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမြင့်သူက သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက မီးသတ်တပ်ဖွဲ့ဝင်များသာမက ကလေးသူငယ်များကပါ ပါဝင်ကူညီ ဆောင်ရွက်နိုင်စေရန် အသိပညာပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက ကလေးသူငယ်များ အနေဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်မှုများ ဆောင်ရွက်နိုင်ရန် သရုပ်ပြခြင်း၊ ဂိမ်းကစားခြင်း အစီအစဉ်များ ဆောင်ရွက်ပေးရာ ကျောင်းသား



ကျောင်းသူများက တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး သိရှိလိုသည်များ မေးမြန်းကြကြောင်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ပြန်လည်ရှင်းလင်း ဖြေကြားပေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## “သီတင်းကျွတ်မင်္ဂလာ” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၉**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ် ဆန်းသစ်တင်ဆက်မှုအဖြစ် “သီတင်းကျွတ်မင်္ဂလာ” တေးဂီတဖျော်ဖြေပွဲကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၀ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် MRTV-HD Channel မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်တွင် မြန်မာ့အသံတေးဂီတနှင့်အတူ စိုးအောင် (ကောင်းကင်ပြာ)၊ ရဲထိုက်၊ ဝိုင်းလမင်းအောင်၊ ရှီတာ၊ ကောင်းဆက်၊ စိုးထက်အောင်၊ စောဒယ်နီရယ်၊ ရွှေဖြူ၊ အိအိလှိုင်၊ ခင်လပြည့်ဝန်း၊ ရေဂျီနား၊ သွန်း၊ မြနန္ဒာနှင့် မေဖြူကြည်သင်းတို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ရာ ယင်းအစီအစဉ်ကို နိုဝင်ဘာ ၁၂ ရက် (တနင်္ဂနွေနေ့ ) နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

### ☆ ကျောဖုံးမှ

ဘိုင်ယန်မြူးနစ်အသင်းဟာ ဂါလာတာစာရေးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီးနောက် ရမှတ် ၁၂ မှတ်နဲ့ အုပ်စု(A)မှာ အုပ်စုပထမ၊ ရီးယဲလ်မက်ဒရစ်အသင်းက စပို့တင်းဘရာဂါအသင်းကို သုံးဂိုးပြတ်အနိုင်ရပြီး ရမှတ် ၁၂ မှတ်နဲ့ အုပ်စု(C)မှာ အုပ်စုပထမ၊ ရီးယဲလ်ဆိုစီဒက်က ဘင်ဖီကာအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီးနောက် ရမှတ် ၁၀ မှတ်နဲ့ အုပ်စု(D)မှာ အုပ်စုပထမ၊ အင်တာမီလန်အသင်းက ဆဲလ်ဘတ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရပြီးနောက် ရမှတ် ၁၀ မှတ်နဲ့ အုပ်စု(D)မှာ အုပ်စုဒုတိယ စသဖြင့် ရမှတ်အသီးသီးရရှိခဲ့ကာ ရှုံးထွက်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်တွေဟာ ဒီဇင်ဘာ ၁၉ ရက်မှာ ပြီးဆုံးမှာဖြစ်ပြီး ၁၆ သင်းအဆင့် ပွဲစဉ်တွေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ မတ် ၁၃ ရက်အထိ၊ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေကို ဧပြီ ၉ ရက်မှ ၁၇ ရက်အထိ၊ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်တွေကို ဧပြီ ၃၀ မှ မေ ၈ ရက်အထိနဲ့ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို တော့ ဇွန် ၁ ရက်မှာ ကျင်းပသွားမှာဖြစ်တယ်လို့ သိရပါတယ်။

**ငွေကြယ်**

### ❖ AFC Cup မှ

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး ကျော်ဇင်ဖြိုး (ဂိုး)၊ ဖွဲ့ခန့်မင်း၊ ရဲမင်းသူ၊ ဖွဲ့ထက်မင်း၊ နန္ဒကျော်၊ ကျော်ဇင်လွင်၊ သက်ပိုင်ထွေး၊ ဈာနေရသူ၊ မတ်ခ်ဆာကီ၊ ထက်ဖြိုးဝေ၊ မိုတိုဟီရိုတို့ ပါဝင်ကစားခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် ပိုဖိကစားနိုင်သော်လည်း ဂိုးရနိုင်သည့်အခွင့်အရေးမှာမူ နှစ်သင်းစလုံးရရှိခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းနှင့် ဆီဘူးအသင်းတို့ အပိုင်အခွင့်အရေးများ အသုံးမချနိုင်သဖြင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ၄၉ မိနစ်တွင် ဆီဘူးအသင်း ဦးဆောင်ဂိုးရခဲ့ပြီး ကော်ဆာမီက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ချေပဂိုးရရန် ကစားသမားများ ပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ပြီး ၈၁ မိနစ်တွင် ဖွဲ့ခန့်မင်းက ချေပဂိုး ပြန်သွင်းခဲ့သည်။

အုပ်စု (F) အခြားပွဲတွင် ဩစတြေးလျကလပ် မက်ကာသာအသင်းက ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ခရောင်းအသင်းကို အိမ်ကွင်း၌ ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ လေးပွဲစီကစားအပြီးတွင် မက်ကာသာအသင်းနှင့် ဖနွမ်းပင်ခရောင်းအသင်းက ကိုးမှတ်စီ၊ ဆီဘူးအသင်းက လေးမှတ်၊ ရှမ်းယူနိုက်တက်အသင်းက တစ်မှတ်ရရှိထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုပဉ္စမပွဲအဖြစ် နိုဝင်ဘာ ၃၀ ရက်တွင် ဩစတြေးလျကလပ် မက်ကာသာအသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-သော်ကြီး**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၉-၁၁-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၂၆၅။ | ဦးထွန်းကြည်နှင့်ဇနီး ဒေါ်အုန်းငွေ၊ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၁၀၀၀၀၀၀ |
| ၇၂၆၆။ | ဦးမောင်ကြီးနှင့်ဇနီး ဒေါ်တင်မှိုမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၇၂၆၇။ | ဒေါ်အုန်းကြိုင်နှင့်သား မောင်ကျော်လွင်ဦးတို့အား ရည်စူး၍ ဦးဩဘာသနှင့် ကျန်ရစ်သူ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀၀ |
| ၇၂၆၈။ | ဦးမျိုးမြင့်အားရည်စူး၍ ဒေါ်ခင်ပြုံးရီ၊ မရွှေဝတ်မှုံ မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၇၂၆၉။ | ဦးခင်ဝင်းနှင့်ဇနီး ဒေါ်ငွေငွေရီမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၇၂၇၀။ | ဦးခိုင်စိုးနှင့်ဇနီး ဒေါ်ရီရီမြင့်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၇၂၇၁။ | ဦးဇာနည်လှိုင်နှင့်ဇနီး ဒေါ်အေးပပလှိုင်၊ (သား)မောင်ကောင်းဆက်လင်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၇၂၇၂။ | ကွယ်လွန်သူ ဦးမောင်စိန်ဖြူနှင့်ဇနီး ဒေါ်မစိန်ဖြူ တို့အားရည်စူး၍ သား၊ သမီးတစ်စုကောင်းမှု | ၂၀၀၀၀၀ |
| ၇၂၇၃။ | ဦးအောင်စိုးနှင့်ဇနီး ဒေါ်မြင့်မြင့်အေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၇၄။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးကျော်ငွေဦး နှင့်ဇနီး ဒေါ်သိန်းသိန်းဝင်း၊ (သား)မောင်စိုးရန်နိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၇၅။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်နီနီ၊ (သား)မောင်အောင်ဆန်းဝင်းနှင့်ဇနီး ဒေါ်မာမာလွင်၊ (မြေး) မဆုထက်ထက်ဝင်း၊ မသွန်းစန္ဒီသော်၊ မောင်ချစ်အောင်စွမ်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၇၆။ | ဦးခင်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၇၇။ | ဦးဝင်းအေးနှင့်ဇနီး ဒေါ်နှင်းနှင်းအေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၇၈။ | ဦးစံသောင်းနှင့်ဇနီး (ဒေါ်ထွားကြည်)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၇၉။ | ဒေါ်တင်လှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၈၀။ | ကွယ်လွန်သူမိခင်ကြီး ဒေါ်သန်းမြင့်အားရည်စူး၍ သမီးများဖြစ်သော မသင်း၊ မနိုင်၊ မခိုင်၊ မစု ညီအစ်မတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၈၁။ | မုဆိုးတောင်ဆရာတော် ဦးအာဒိစ္စကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၈၂။ | ဦးခင်ဇော်နှင့်ဇနီး ဒေါ်ခင်မြင့်ရီ(သား) ဗိုလ်ကြီး ထက်မြတ်ဇော်နှင့်ဇနီး မခင်နှင်းဝေမိသားစုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၂၈၃။ | ဗိုလ်ချုပ်မိုးဟိန်း(ငြိမ်း)နှင့်ဇနီး ဒေါ်သန်းစင်မြင့်၊ (သမီး) မအေးငြိမ်းမိုးမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၈၄။ | တပ်ကြပ်ကြီးမျိုးကျော်ကျော်နှင့်ဇနီး ဒေါ်ရင်ရင်အေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၈၅။ | ဦးခင်ဇော်နှင့်ဇနီး ဒေါ်ခင်မြင့်ရီ၊ (သား)ဗိုလ်ကြီးထက်မြတ်ဇော်၊ (သမီး) မယုယုအောင်မြင့်၊ မထွေးထွေးအောင်မြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၈၆။ | ဦးညိုအေးနှင့်ဇနီး ဒေါ်ရီ၊ (သမီး) ဒေါ်လှလှဦး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၈၇။ | ဒေါ်ခင်ဝင်း၊ (သမီး) ဒေါ်တင်တင်မာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၈၈။ | ဦးမင်းနောင်အားရည်စူး၍ ဒေါ်တင်ညို မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၈၉။ | ဦးစိန်ငွေနှင့်ဇနီး ဒေါ်ခင်အုန်းမြင့်၊ (သမီး) မမေမျိုးထိုက်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၉၀။ | ဦးစောသန်းဦးနှင့်ဇနီး ဒေါ်ခင်လေးမြင့်၊ သား၊ သမီးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၉၁။ | ဦးသက်နောင်နှင့်ဇနီး ဒေါ်ခင်ချိုချို၊ (သမီး) မဖြူဖြူ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၉၂။ | ကွယ်လွန်သူ ဦးမြင့်ရီအားရည်စူး၍ ဒေါ်နန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၉၃။ | နှစ်ဖက်အဘိုး၊ အဘွား ဦးကျောက်နှင့် ဒေါ်သိန်းတင်၊ ဦးငြိမ်းနှင့်ဒေါ်ပုံအားရည်စူး၍ ဦးစောမင်းနှင့်ဇနီး ဒေါ်ချိုပြုံး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၉၄။ | ဦးလှဖေနှင့် ဒေါ်ကြည်(ဇနီး) ဒေါ်ချိုပြုံးအားရည်စူး၍ ဦးစောဝင်း၊ (သမီး) မသက်စုဝင်း၊ မစောထက်ထက်ဝင်း၊ (သား) မောင်ကျော်ချိုထွေးဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၉၅။ | ဦးရဲနိုင်သိန်းနှင့်ဇနီး ဒေါ်ဇာဇာထွန်း၊ (သား)မောင်ဥက္ကာမြင့်သိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၉၆။ | ဒေါ်ညွန့်ညွန့်အေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၉၇။ | ဦးသန်းအောင်နှင့်ဇနီး ဒေါ်ခင်ညိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၉၈။ | ဦးအေးထွန်းနှင့်ဇနီး ဒေါ်စန်းယဉ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၉၉။ | ဦးသက်နိုင်နှင့်ဇနီး ဒေါ်လင်းတီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၀၀။ | ဦးစန်းနောင်နှင့်ဇနီး ဒေါ်ခင်လှဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၃၀၁။ | ဒုတိယဗိုလ်မှူးကြီးဝေမိုးသိန်းနှင့်ဇနီး ဒေါ်စိမ့်လဲ့ထွန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၀၂။ | ဦးနေလတ်နှင့်ဇနီး ဒေါ်အေးမင်းခိုင်၊ (သား) မောင်ဖြိုးမင်းပြည့်စုံ၊ မောင်မျိုးမင်းပြည့်စုံ၊ မောင်ခန့်ထူးအောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၀၃။ | ဦးခင်မောင်ကြည်နှင့်ဇနီး ဒေါ်ပွင့်ဖြူ (သမီး)မမေမြတ်မိုး၊ မစုမြတ်မောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၀၄။ | ကွယ်လွန်သူ မမာလာအေး၊ မချယ်ရီဝင်းအားရည်စူး၍ ဦးတင်အေးနှင့်ဇနီး ဒေါ်ခင်မြမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၀၅။ | ကိုနေမင်းအောင်နှင့်ဇနီး မချစ်ပို့၊ (သမီး) မနေရှုခင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၀၆။ | ဒေါ်နန်းထွန်းတင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၀၇။ | ဦးအောင်မျိုးနှင့်ဇနီး ဒေါ်လှလှနွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၀၈။ | ကွယ်လွန်သူဦးမြမောင်အားရည်စူး၍ ဒေါ်ခင်တင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၀၉။ | ဦးကျော်ဝင်းဦးနှင့်ဇနီး ဒေါ်ကေသီခိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၁၀။ | ဦးလှထွန်းနှင့်ဇနီး ဒေါ်ခင်မူငွေ၊ (သား) ဦးရဲဦးပိုင်၊ (သမီး) မအေးရွှေရည်၊ (မြေး) ဦးရဲရင့်ဘုန်းခန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၁၁။ | ကွယ်လွန်သူ ဦးကျော်စိန်နှင့်ဇနီး ဒေါ်ကြီးညွန့်တို့အား ရည်စူး၍ (သား)ကိုအောင်တင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၁၂။ | ဦးဝင်းဗိုလ်နှင့်ဇနီး ဒေါ်စမ်းမြအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၁၃။ | ဦးစိုးလွင်နှင့်ဇနီး ဒေါ်အေးအေးဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၁၄။ | ဦးလှစိုးနှင့် ဒေါ်တုတ်တို့အားရည်စူး၍ ဦးမင်းလွင်ဦးနှင့်ဇနီး ဒေါ်ဥမ္မာစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၁၅။ | ဦးသောင်းကြည်နှင့်ဇနီး ဒေါ်ဒေစီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၁၆။ | မိဘနှစ်ပါးအားရည်စူး၍ သမီးဒေါ်ခိုင်ခိုင်၊ (မြေး) မမြင့်မြတ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၁၇။ | ကွယ်လွန်သူ ဦးထွန်းထွန်းနိုင်(ခ)ဦးကျောက်လုံးအား ရည်စူး၍ ဒေါ်ခင်ငြိမ်းချမ်းထွေး(သမီး) မယွန်းလဲ့ရတီချမ်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၁၈။ | ဗိုလ်မှူးမောင်မြင့်(ငြိမ်း) မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၁၉။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးစိုးကျော်သူ နှင့်ဇနီး ဒေါ်မြင့်မြင့်ငွေ၊ (သမီး)မဆောင်းလေပြည်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၀၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆


**အမည်ပြောင်း**

စမ်းချောင်းမြို့နယ် GREEN HILLS ACADEMY (G-1)တွင် ပညာသင်ကြားနေသော (ဘ) ဦးစိုးဝင်းနိုင် [၁၁/စတန (နိုင်)၀၆၄၂၅၃]၏သမီး မခင်လပြည့်ဝန်းအား မာရီယာဟု ပြောင်းလဲခေါ်ပါရန်။

**မာရီယာ**

**"တစ်ဦးတည်း ဖြစ်ပါကြောင်း"**

ကျွန်မ ဒေါ်ဂျာလဲန် [၁/မကန (နိုင်)၂၃၆၃၃] ကိုင်ဆောင်သူ၏ မိခင်အမည် ဒေါ်ထိန်ဘိုင်း လုတောင် နှင့် ဒေါ်လုတောင်သည် အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**အမည်ပြောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ AEC ကိုယ်ပိုင် အထက်တန်းကျောင်း G(9) တွင် ပညာသင်ကြားနေသော (ဘ) ဦးသန်းထိုက်ဦး [၁၂/ဒဂတ (နိုင်) ၀၀၈၀၇၆]၏သား မောင်ကောင်းခန့် [၁၂/ဒဂတ (နိုင်) ၁၂၃၄၅၈] အား မောင်ကောင်းဆက်နိုင် ဟုခေါ်ပါရန်။

**မောင်ကောင်းဆက်နိုင်**

**မွေးသက္ကရာဇ်အမှန်**

ဒိုက်ဦးမြို့၊ အထက(လက်ပံသုံးခွ)ကျောင်းမှ (အ.ထ.ပြ) ဆရာမ ဒေါ်နွယ်နီ [၇/ဒဥန (နိုင်)၀၂၄၁၁၅]၏ မွေးသက္ကရာဇ်အမှန်မှာ (၂၅-၄-၁၉၈၁) ဖြစ်ပါကြောင်း။

**ဒေါ်နွယ်နီ**

**မွေးသက္ကရာဇ်အမှန်**

ဒိုက်ဦးမြို့၊ အထက(လက်ပံသုံးခွ)ကျောင်းမှ (အ.ထ.ပြ) ဆရာမ ဒေါ်သင်းသင်းအေး [၇/ဒဥန (နိုင်) ၁၀၅၆၀၉]၏ မွေးသက္ကရာဇ်အမှန်မှာ (၂-၁-၁၉၇၇) ဖြစ်ပါကြောင်း။

**ဒေါ်သင်းသင်းအေး**

**မွေးသက္ကရာဇ်အမှန်**

ဒိုက်ဦးမြို့၊ အထက(လက်ပံသုံးခွ)ကျောင်းမှ (အ.ထ.ပြ) ဆရာမ ဒေါ်ဝင့်ဇာနည်ဖြိုး [၇/ဒဥန (နိုင်) ၁၄၇၆၆၁]၏ မွေးသက္ကရာဇ်အမှန်မှာ (၁၁-၈-၁၉၉၃) ဖြစ်ပါကြောင်း။

**ဒေါ်ဝင့်ဇာနည်ဖြိုး**

**ပြင်ဆင်ဖတ်ရှုပါရန်**

(၇-၁၁-၂၀၂၃)နေ့ ကြေးမုံသတင်းစာ ကြော်ငြာ၊ စာမျက်နှာ(၂၂) ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ဝင်းဝင်းခိုင်၏ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်တွင် (၆)ထပ်တိုက် (မြေညီထပ်)အစား အမှတ်-၁၀၃၄/ခ၊ (၅)ထပ်တိုက် (မြေညီထပ်)ဟု ဖြည့်စွက်ပြင်ဆင်ဖတ်ရှုပါရန်။

## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဘွဲ့နှင်းသဘင်ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့တွင် အစမ်းလေ့ကျင့်ပွဲအဖြစ်လည်းကောင်း၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်နေ့တွင် ဘွဲ့နှင်းသဘင်အခမ်းအနားအား နံနက်ပိုင်း ကျင်းပပြုလုပ်မည်ဖြစ်ရာ ဘွဲ့နှင်းသဘင်ခန်းမအတွင်း (အပြင်မပါ) ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရေးလုပ်ငန်း ခွင့်ပြုနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါ ဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) တင်ဒါစတင်လက်ခံမည့်ရက် | - | ၁၀-၁၁-၂၀၂၃(သောကြာနေ့) နံနက် (၁၀:၀၀) နာရီ |
| (ခ) တင်ဒါပိတ်မည့်ရက် | - | ၁၅-၁၁-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက်(၁၁:၀၀) နာရီ |
| (ဂ) တင်ဒါဖွင့်မည့်ရက် | - | ၁၅-၁၁-၂၀၂၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ (၁:၀၀) နာရီ |

၂။ တင်ဒါကိစ္စနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းများကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ကြော်ငြာသင်ပုန်းများတွင် ကပ်ထားမည်ဖြစ်ပါသည်။ ဖုန်းဖြင့် စုံစမ်းလိုပါက ၀၉-၉၇၆၅၃၅၆၅၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းရွေးချယ်ခွင့်ပြုရေးအဖွဲ့**
**ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၇၄-ဃ)၊ ၅၈လမ်း၊ ၂၁x၂၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းထွန်း၊ ဒေါ်သောင်းသောင်းတို့(၂)ဦးအနက်၊ ခင်ပွန်းဖြစ်သူ ဦးသန်းထွန်းကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၅၇၄၇/၂၀၁၁)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီးဖြစ်သူ ဒေါ်သောင်းသောင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၀၇၆/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးအိုက်ထွန်း [၉/မနမ(နိုင်)၀၈၇၉၇၅]က အမှုတွဲအမှတ်-၅၃၄၀/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်-ဆဆ-၁၂၊ ဦးပိုင်အမှတ်(၅၄)/၄၇x၄၈ ကြား၊ ၁၀၆x၁၀၇ ကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးသာမောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၅၂၉/၂၀၂၃)အရ ပိုင်ဆိုင်သူ ဦးရဲမြင့်/LKI-၀၀၄၇၀၄ ကမြေကွက်၏ မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်းများမှာ အသိမ်းလွန်၍ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ တောမှမြို့ပြောင်း သက်တမ်းတိုးအမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်-၅၄၊ ဦးပိုင်အမှတ်(၆၁)/၁၃x၁၄ ကြား၊ ၈၀x၈၁ လမ်းကြားရှိ ဦးလှဟန်အမည်ပေါက် ဂရန်မြေကွက်အား၊ ဖခင် ဦးလှဟန်၊ မိခင်ဒေါ်စိန်စိန်တို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဒေါ်နွဲ့နွဲ့ရီ[၉/မနမ(နိုင်)၀၀၆၄၇၆]၊ ဒေါ်သင်းသင်းစိုး[၉/မနမ(နိုင်)၀၀၆၄၇၅]၊ ဦးဝင်းဇော်ဦး[၉/မနမ(နိုင်)၁၁၇၂၀၃]၊ ဒေါ်အေးသန္တာ[၉/အမဇ(နိုင်)၀၁၈၆၅၂]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၃၃)၊ ဦးပိုင်အမှတ်(၅-က)၊ ၄၃လမ်း၊ ၈၂x၈၃လမ်းကြားရှိ ဦးလှရင်၊ ဒေါ်သင်းအုံ အမည်ပေါက် ဘိုးဘမြေကွက်အား (ဖခင်)ဦးလှရင်(မိခင်)ဒေါ်သင်းအုံ(သမီး) ဒေါ်မြသန်း၊ ဒေါ်ခင်ညွန့်(အပျိုကြီးများဘဝ)ဖြင့် လည်းကောင်း အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၇၅၂/၂၀၂၀)ဖြင့် အမွေဆက်ခံခဲ့သောကျန်သား၊သမီးများဖြစ်သည့် ဦးတင်မောင်ညွန့်(ခ)ဦးစိန်တင်၏(GP ရသူဦးခင်မောင်ဦး)၊ဒေါ်လှလှတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၆၆၉/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးခင်မောင်လှ [၉/ကပတ(နိုင်)၁၇၈၅၉၉]၊ ဒေါ်ကြည်ကြည်သင်း [၉/ကပတ(နိုင်) ၁၉၃၄၃၉]တို့က အမှုတွဲအမှတ်-၀၅၉၂/ဘ(ပြောင်း)/၂၀၂၃-၂၀၂၄ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄) ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်-၈၂၀၊ ဦးပိုင်အမှတ်(၁၂)/၆၂x၆၃ ကြား၊ ၃၄x၃၅ လမ်းကြားရှိ ဦးသိန်းမြင့်၊ ဒေါ်အုန်းလှအမည်ပေါက် ဂရန်မြေကွက်အား ဇနီး ဒေါ်အုန်းလှကွယ်လွန်၍ ကျန်ရစ်သောပူးတွဲအမည်ပေါက်သူ ခင်ပွန်း ဦးသိန်းမြင့်[၉/မရမ(နိုင်)၀၂၀၁၆၄]ကဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့်ခဲစင်းပြအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက်မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄) ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၁၂)၊ ဦးပိုင်အမှတ်(၁၂/၃၅)၊ ၂၅x၂၆ လမ်းကြား၊ (၈၁)လမ်းနှင့်သင်္ဂဇာချောင်းပတ်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခင်ပွန်း ဦးကျော်ငွေးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၃၁၃၇/၂၀၂၃ဖြင့် အမွေဆက်ခံခဲ့သောဇနီးဖြစ်သူ ဒေါ်ကြည်ကြည်သိန်း [၉/မနတ(နိုင်)၀၈၀၀၃၉]က အမှုတွဲအမှတ်(၅၃၁၂/၂၀၂၃-၂၀၂၄)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀/က+ခ၊ မြေကွက်အမှတ်-၁၉၇၊ ၀.၀၃၂ ဧက၊ မြေကွက်တည်နေရာအမှတ်-၉၀၊ ၉၂၊ ပါရမီလမ်း၊ ၁၆-ရပ်ကွက်၊ ဒေါ်ကြည်[၁၂/လမန(နိုင်)၀၁၈၂၁၇]၊ ဦးအေးလွင် [၁၂/လမန(နိုင်)၀၁၈၈၃၄]အမည်ပေါက်နှစ်(၆၀)မြေငှားဂရန် မြေအားအမည်ပေါက်တစ်ဦးဖြစ်သူ (မိခင်) ဒေါ်ကြည်(၅-၁၂-၂၀၀၈)ရက်နေ့တွင်လည်းကောင်း၊ (ဖခင်) ဖြစ်သူ ဦးသိန်းသည်(၂-၈-၂၀၁၈)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် သားသမီးများဖြစ်ကြသည့် ဒေါ်သန်းညွန့် [၁၂/လမန(နိုင်)၀၂၁၅၄၃]၊ ဒေါ်ညွန့်ညွန့်ရီ [၁၂/လမန(နိုင်)၀၁၈၂၁၈]နှင့် ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဦးအေးလွင်သည် (၁၂-၁၁-၂၀၁၈)ရက်နေ့တွင်ကွယ်လွန်သွားပါသဖြင့် (ဇနီး)ဖြစ်သူ ဒေါ်လှလှသွင်[၁၂/လမန(နိုင်)၀၁၈၈၃၃]ထံမှ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်-၁၅၆၂၉/၂၀၂၃(၃-၈-၂၀၂၃) ဖြင့်ရရှိသူ ဦးဇော်သီဟ[၁၂/လမန(နိုင်)၀၁၈၈၃၂]တို့မှ ပူးတွဲ၍ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မြေငှားဂရန်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ (ဒေါ်ကြည်၊ ဦးသိန်းနှင့် ဦးအေးလွင်)တို့၏ သေစာရင်း ၃-စောင်(မိခင်) ဒေါ်ကြည်၏သမီးအရင်းများဖြစ်ကြောင်း၊ အခြားသောသမီး/သား နှင့် ကိတ္တိမမွေးစားထားသော သား/သမီးများလည်းမရှိပါကြောင်းနှင့် ဦးအေးလွင်၏တစ်ဦးတည်းသော ဇနီးဖြစ်ကြောင်း၊ အခြားဇနီး တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း (၂၄-၈-၂၀၂၃)ရက်စွဲပါ တရားရုံးကျမ်းကျိန်၊ ထောက်ခံကျမ်းကျိန်၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း (၂၄-၈-၂၀၂၃)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာတို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|
| (က) ဘိလပ်မြေ / သံချောင်းလုံး | ၁၅၀၀၀၀ အိတ် / ၁၇၀ တန် |
| (ခ) စပါးခွံ (ဖွဲ) / ထင်း(လောင်စာ) | ၃၀၀၀၀ တင်း / ၁၀၀၀ လံ |
| (ဂ) ကျောက်စရစ်/မြစ်သဲကြမ်း | ၅၃၀၀/၄၃၀၀ ကျင်း |
| (ဃ) Inciner 8 Burner | ၃ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၀-၁၁-၂၀၂၃ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၂၃ - ၁၁ -၂၀၂၃ ရက်နေ့ (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်- ၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း ၊ အမှတ်(၁၈၅/၁၉၀)တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော Diesel King Co., Ltd သည် အောက်ဖော်ပြပါ ကုန်အမှတ်အမည် အမှတ်အသားများကို ရန်ကုန်တိုင်းဒေသကြီးစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်ကုမ္ပဏီ၏မူပိုင်ခွင့်အမှတ်တံဆိပ်များအဖြစ်မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည် –

**Bio Science Nature Bacteriology**

(4/9108/2023)

**Bio Science Fertilizer**

(4/9109/2023)

Diesel King Co., Ltd သည်အထက်တွင်ကပ်နိုပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို အသုံးပြု၍ အရည်အသွေးမီ “ active chemical ingredients, agricultural chemicals, except fungicides, insecticides and parasitic ides, animal albumen, bacteriological preparations for acidification, other than for medical or veterinary purposes , biological tissue cultures , chemical preparation for analyses in laboratories, fertilizers, fertilizing preparations, organic dig estate peat, seaweeds သဘာဝဓါတ်မြေဩဇာ အမျိုးမျိုး တို့ကို ထုတ်လုပ်ပြီး မြန်မာနိုင်ငံတဝန်းလုံးတွင် ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများ၏ တစိတ်တဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ဆင်တူယိုးမှား ပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားတုပ ပြုလုပ်၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်း သတိပေးကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်မြင့်(LL.B)၊ တရားလွှတ်တော်ရှေ့နေ**
**(စဥ်-၅၉၇၂/၉၃)ဖုန်း-၀၉ ၈၅၉၀၁၁၉၊ ၀၉ ၂၅၂၅၃၈၁၅၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အကွက်အမှတ်-၁၄၄၊ ဦးပိုင်အမှတ်(၃-စျ ခဲစင်းမြောက်ခြမ်း)/၁၈လမ်း၊ ၈၂x၈၃ လမ်းကြားရှိ ဒေါ်တင်မာ၊ ဒေါ်ဦးဦးမြင့်အမည်ပေါက်ဘိုးဘမြေကွက်အား၊ ခင်ပွန်းဦးခင်မောင်အေး၊ ဇနီးဒေါ်ဦးဦးမြင့်၊ ဒေါ်တင်မာ(အပျိုဘဝ)တို့ကွယ်လွန်၍ ဒေါ်ဦးဦးမြင့်ထံမှ ကိတ္တိမမွေးစားစာချုပ်အမှတ်(၁၉၃၆/၂၀၂၃)ဖြင့် မွေးစားခြင်းကို လက်ခံခဲ့သူ ဒေါ်စုစုသန်း[၉/မနမ(နိုင်)၀၄၄၃၀၈]က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ခဲစင်းပြအမွေဆက်နှင့်ခဲစင်းပြအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၃၂၊ ဦးပိုင်အမှတ်(၈)၊ ခိုင်ရွှေဝါလမ်း၊ ၄၆x၄၇ လမ်းကြားရှိ ဦးပေါက်စအမည်ပေါက်တောဂရန်မြေကွက်အားတရားလို ဦးကျော်ကျော်လွင်(ခ)ကျော်ကျော်၊ SUNITA (ခ)ဒေါ်သီတာထွန်းတို့ကတရားပြိုင်ဦးပေါက်စအပေါ် အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၃/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာအနိုင်ဒီကရီရရှိသူ ဦးကျော်ကျော်လွင်(ခ)ကျော်ကျော်[၉/မရမ(နိုင်) ၀၁၃၈၂၄]၊ SUNITA (ခ)ဒေါ်သီတာထွန်း[၁၃/လလန(ပြု) ၀၀၀၂၂၂]တို့က တောဂရန်တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

